# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြု တတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 7 February 2022 ၁၀၆၄၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာပေးပို့


စာမျက်နှာ » ၃


## ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ကြေညာချက်အမှတ် ၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


စာမျက်နှာ ၇ ကော်လံ ၁ သို့


**ယနေ့** ဖတ်စရာ

**ဒီမိုကရေစီကျင့်စဉ်အစ ပညာသင်ကျောင်းက**


ဆောင်းပါး စာမျက်နှာ » ၈




**တို့အနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့**


ဆောင်းပါး စာမျက်နှာ » ၁၈


**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၃၂ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၃၆ ရာခိုင်နှုန်းရှိ**


စာမျက်နှာ » ၂၂




စစ်တွေဆိပ်ခံတံတားအနီး၌ သောင်တူးဖော်နေမှုကို တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညို၊ စစ်တွေဆိပ်ကမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာတို့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် စေတီတော်မြတ်ကြီး ဝင်းအတွင်းရှိ အောင်စကြာမုနိ သိမ်တော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် စကြာမုနိ သွန်းစက်တော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့

ကြေးမုံ

# ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထား ပြည်ထောင်စုကိုစောင့်ရှောက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။ နှစ်ပေါင်းထောင်ချီ အတူလက်တွဲနေထိုင်ခဲ့ကြသောနိုင်ငံဖြစ်၍ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေစေရန် အထူးလိုအပ်ပါသည်။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ပန်ဆင်၍ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်နေကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို မထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်ကြပါက စည်းလုံးညီညွတ်မှုယိုင်နဲ့ကာ ပြည်ထောင်စုပြိုကွဲရေးသို့ ဦးတည်ပြီး အချုပ်အခြာအာဏာဆုံးရှုံးသွားနိုင်သည်။ မျက်မှောက်ကာလတွင် စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်နှောင့်ယှက်ဖျက်ဆီးမှုများ အမျိုးမျိုး အဖုံဖုံ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ပြည်ထောင်စုပြိုကွဲစေနိုင်သည့် ဖြစ်ရပ်အမျိုးမျိုးတို့နှင့် ကြုံတွေ့ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံ့လွတ်လပ်ရေးကို ရယူပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ ပါလီမန်ခေတ်တွင် ပါတီတွင်းစိတ်ဝမ်းကွဲပြားမှုများ၊ ပါတီအဖွဲ့အစည်းများက ခါးပိုက်ဆောင်တပ်များ လက်သပ်မွေးမြူမှုများ၊ ဂိုဏ်းဂဏကွဲပြားမှုများ၊ ပြည်ပမှဝင်ရောက်ကျူးကျော်မှုများ ပေါ်ပေါက်လာခဲ့သည်။

တည်ငြိမ်မှုပျက်ပြားနိုင်သော အခြေအနေများကြောင့် ထိုကာလအစိုးရက တိုင်းပြည်ကို ထိန်းသိမ်းပေးရန်လွှဲအပ်ခဲ့ရာ တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့နောက် ရွေးကောက်ပွဲများကျင်းပပြီး အနိုင်ရသည့်ပါတီအား အာဏာပြန်လည်လွှဲပြောင်းပေးခဲ့သည်။ သို့သော် ၁၉၆၂ ခုနှစ်တွင် တိုင်းပြည်ပြိုကွဲစေနိုင်သည့် နိုင်ငံရေးအကျပ်အတည်းများနှင့် တည်ငြိမ်မှုယိုယွင်းလာသည့် အခြေအနေများကြောင့် တော်လှန်ရေးကောင်စီက အာဏာသိမ်းခဲ့သည်။

ထို့နောက် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲအတည်ပြုပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထူထောင်ခဲ့သည်။ တစ်ပါတီစနစ်ဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာ၌ ၁၉၈၈ ခုနှစ်တွင် စီးပွားရေးအကျပ်အတည်းများနှင့်အတူ အထွေထွေအကျပ်အတည်းများဖြစ်ပေါ်လာခဲ့၍ တပ်မတော်က နိုင်ငံတော်အာဏာသိမ်းခဲ့ရသည်။ တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့သွားလိုသော ပြည်သူများ၏ဆန္ဒအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အချိန်ယူရေးဆွဲကာ တပ်မတော်က ဒီမိုကရေစီစနစ်ကို လမ်းခင်းပေးခဲ့သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖျက်သိမ်းဘဲ နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်ကို လက်တွေ့အကောင်အထည်ဖော်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်သည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည်။ သို့သော် ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲအစွန်းရောက်မှုများသည် တိုင်းပြည်ပျက်စီးရေးလမ်းကြောင်းပေါ်သို့ ဆိုက်ရောက်လာခဲ့သည်။ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာခဲ့သည်။ ပြည်ထောင်စုပြိုကွဲပျက်စီးရေးအတွက် ကြံစည်လုပ်ဆောင်မှုများရှိလာသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာဘဲ ယူခဲ့ရခြင်းဖြစ်သည်။

နိုင်ငံတော်၏တာဝန်ကို ဆောင်ရွက်ရာ၌ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို နေ့မနားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အချိန်ကာလတစ်ခုတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးကာ အားလုံးပါဝင်နိုင်သည့် ဒီမိုကရေစီခရီးလမ်းကို လမ်းခင်းပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များသည် ပြည်သူများ မျှော်မှန်းထားသည့်၊ ပြည်သူအားလုံး၏ အကျိုးစီးပွားကိုရှေးရှုသည့်၊ ပြည်ထောင်စုကြီးအကျိုးကို ရည်မျှော်သည့် အမျိုးသားရေးလုပ်ငန်းစဉ်များဖြစ်၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။**

**(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။**

**(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။**

**(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။**

**(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ် ( ၂ ) သံမဏိစက်ရုံ (ပင်းပက်)မှ စက်ရုံမှူး ဦးမင်းသူကို အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကျိုက်လတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ခုခြောက်လဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေနှင့် ပြည်သူ့ရန်ပုံငွေဖြင့် ကျေးရွာ လေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း သုံးခု၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု စုစုပေါင်း ငါးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျေးရွာများအနက် ကြံခင်းစုကျေးရွာအုပ်စု ဘိုးတေဇကျေးရွာ၌ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် တစ်သန်းဖြင့် အရှည် ၁၂၅ ပေ၊ အကျယ် ငါးပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျုံကလွတ်ကျေးရွာအုပ်စု အုံပင်စုကျေးရွာတွင် သံကူကွန်ကရစ်တံတား အရှည် ပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၇ ပေ ၆ လက်မ တည်ဆောက်နေမှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလွင်



## ရေနံချောင်းမြို့မဈေးကြီး၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ရေနံချောင်း ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေမှုကို မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဦးဆောင်၍ ယနေ့နံနက် ၈ နာရီက ရေနံချောင်းမြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။

**အခမဲ့ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲ တပ်ဖွဲ့မှူး ဦးကျော်စိန်မြနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ အမှုဆောင် ဒေါ်မြင့်မြင့်ဦးနှင့် အဖွဲ့ဝင်များက ရေနံချောင်း မြို့မဈေးကြီးအတွင်းနှင့် ဈေးအပြင်ဘက်ရှိ ဈေးရောင်း ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းအခုရေ ၂၀၀၀၊ လက်သန့်ဆေးဘူးငယ် ၁၅၀၊ မျက်နှာအကာ ၁၅၀ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်းဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား–**

ယနေ့ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရှမ်းပြည်နယ်သည်မိမိတို့နိုင်ငံ၏အရှေ့ဘက်တောင်တန်းဒေသများ ဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းခန့်ရှိကာ တစ်ဖက်နိုင်ငံ များနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက်အရေးပါသည့် ပြည်နယ် တစ်ခုလည်းဖြစ်ပါသည်။ ရှမ်း၊ ကချင်၊ ကယား၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ဓနု၊ ကိုးကန့်စသည့် တိုင်းရင်းသားမျိုးနွယ်စုများစွာတို့သည် ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဖြင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိကြပြီး တောတောင်ရေမြေ သဘာဝအလှအပ များနှင့် ပြည့်စုံသောဒေသဖြစ်ပါသည်။ ထို့ပြင် မြေပေါ်မြေအောက် သယံဇာတများဖြစ်သည့် သတ္တုရိုင်းတွင်းထွက်များ၊ ကျောက်မျက် ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများဖြင့် ရေခံမြေခံ ကောင်းများလည်းရှိပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုး တိုးတက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းများစွာ ကတည်းကပင် သမိုင်းအထောက်အထား အခိုင်အမာနှင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာရပ်တည်လာခဲ့ကြပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

### တိုက်ထုတ်နိုင်ခဲ့

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင် သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့နှင့်ပူးပေါင်း၍ နယ်ချဲ့အင်္ဂလိပ်ကို မောင်းထုတ်နိုင်ခဲ့သလို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့မြေပေါ်မှ အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်နောက် ဗြိတိသျှစစ်တပ် များသည် ဗမာနိုင်ငံအား ပြန်လည်သိမ်းပိုက်ခဲ့ကြပါသည်။ ယင်းအချိန် ၌ ရှမ်းပြည်နယ်စော်ဘွားများ၊ လူထုခေါင်းဆောင်များနှင့် ပြည်သူ လူထုသည် စစ်ဘေးစစ်ဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည့်ကြားမှာပင် နိုင်ငံရေးအရ နိုးကြားတက်ကြွလာခဲ့ကြပါသည်။

စစ်မှန်သောလုံးဝလွတ်လပ်ရေး မရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲ နေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ရင်တွင်းမှ ခိုင်မာပြင်းပြ သော သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ် တလုံးတစည်းတည်း စုပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းခဲ့ကြ ပါသည်။ ထိုသို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြရာတွင် ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားများကလည်း ရှုပ်ရှုပ်ချုံချုံ ပူးပေါင်းပါဝင်ခဲ့ကြသည်မှာ ရှမ်းတိုင်းရင်းသားများ၏ မျိုးချစ်စိတ်ဓာတ်ကို ပေါ်လွင်စေခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံ ဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ်စားလှယ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါ သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် လန်ဒန်သို့သွားရောက်ပြီး တောင်တန်းဒေသများအပါအဝင် မြန်မာ တစ်နိုင်ငံလုံးကို အတူတကွ လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့ သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့ အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၅)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ပြင် မကြာမီကျရောက်တော့မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အကြိုကာလလည်းဖြစ်သဖြင့် ထူးခြားလေးနက်သည့် သဘောကို ဆောင်နေပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ် အခါသမယပင်ဖြစ်ပါသည်။

### အသက်တမျှအရေးပါလျက်ရှိ

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်း တည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရ ငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါသည်။ ယနေ့ အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံ ပြည်သူများသည် ရည်ရွယ်ချက်မဲ့သောစစ်ပွဲများကို စိတ်ကုန်မုန်းတီး နေကြပြီ ဖြစ်ပါသည်။ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံ အေးချမ်းစွာ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသောဆန္ဒပင်ဖြစ်ပါသည်။

> ☆ **ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သောစစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်၊ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာနေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်**

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှု တို့ကို တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများ အတွက် တစ်ရက်စောပြီး အကျိုးရှိမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစဉ်တစိုက် ကြိုးပမ်းမှုများကြောင့် ဆွေးနွေးပွဲများကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိ နိုင်တော့မည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် ( ၅ )ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်( ၉ )ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိ ပါသည်။ မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းအပ်ပါ သည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံ မျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

လွန်ခဲ့သော ၇၅ နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ဖို့ အားလုံး ဝိုင်းဝန်းကြိုးစားသွားကြရမည် ဖြစ်ပါသည်။

### သတိပြုသင့်

နိုင်ငံအတွင်း ယနေ့ဖြစ်ပေါ်ကြုံတွေ့နေရသည့် ဆူပူအကြမ်းဖက် မှုများကြောင့် တည်ငြိမ်အေးချမ်းမှု မရှိခြင်းအတွက် တိုင်းရင်းသား ပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ကြုံတွေ့ကြရပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေလျက်ရှိပါသည်။ နိုင်ငံနှင့် ပြည်သူအကျိုးကို မကြည့်ဘဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲစိတ်ဖြင့် လွဲမှားစွာ ဆောင်ရွက်နေသည့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အသိ၊ သတိဖြင့် သုံးသပ်ဆင်ခြင်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေး သတိပြုသင့်ကြပါသည်။ ထိုသို့မဟုတ်ပါက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေပြီး နိုင်ငံ၏ရှေ့ရေးမှာ ရင်လေး ဖွယ်ရာ ကောင်းပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ တိုင်းရင်းသားပြည်သူ အားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကို အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရ များဖြင့် ပြည့်ဝသော ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည် စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက် သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

> ☆ **နိုင်ငံအတွင်း ယနေ့ဖြစ်ပေါ်ကြုံတွေ့နေရသည့် ဆူပူအကြမ်းဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှု မရှိခြင်းအတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ကြုံတွေ့ကြရပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေလျက်ရှိ**
>
> ☆ **နိုင်ငံနှင့် ပြည်သူအကျိုးကိုမကြည့်ဘဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲစိတ်ဖြင့် လွဲမှားစွာဆောင်ရွက်နေသည့် လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အသိ၊ သတိဖြင့် သုံးသပ်ဆင်ခြင်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေး သတိပြုသင့်**
>
> ☆ **ထိုသို့မဟုတ်ပါက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေပြီး နိုင်ငံ၏ရှေ့ရေးမှာ ရင်လေးဖွယ်ရာကောင်း**
>
> ☆ **မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလို**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

○ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးမှ**

ဆက်လက်ပြီး စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း ဘက်စုံပြုပြင်မွမ်းမံထားရှိမှု၊ ဘုရားရင်ပြင်တော်နှင့် အောင်စကြာမုနိ သိမ်တော်ကြီးအား ပြုပြင်မွမ်းမံရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အဖွဲ့ဝင်များသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းဖြစ်သည့် စစ်တွေဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆိပ်ကမ်း ရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်းအရာရှိချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက တည်ဆောက်ပြီးစီးသည့် ဆိပ်ခံတံတားနှင့် ကျောထောက်နောက်ခံ ဆိပ်ကမ်းအဆောက်အအုံများ၊ စစ်တွေမြို့မှ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ချင်းပြည်နယ် ပလက်ဝမြို့အထိ သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှု၊ ချဉ်းကပ်တံတားပါဝင်သော ပလက်ဝဆိပ်ကမ်း တည်ဆောက်ခြင်း၊ ဆိပ်ကမ်းဝင်းအတွင်း ရုံးနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စစ်တွေဆိပ်ကမ်းအဝင် ရေလမ်းကြောင်းနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြအမှတ်အသားများ တပ်ဆင်ထားရှိမှု၊ ဆိပ်ကမ်းတွင် ရေယာဉ်လမ်းကြောင်း တူးဖော်နေမှု၊ ပလက်ဝမြို့မှ မြန်မာ-အိန္ဒိယနယ်စပ်အထိ အဝေးပြေး မော်တော်ကားလမ်းဖောက်လုပ်မည့် အခြေအနေ အပါအဝင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း ဘက်စုံပြုပြင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အဖွဲ့ဝင်များသည် စစ်တွေဆိပ်ခံတံတားနှင့် ဆိပ်ခံတံတားအနီးတွင် သောင်တူးဖော်နေမှု၊ ရေယာဉ်များ ဆိုက်ကပ်ထားရှိမှုတို့ကို ကြည့်ရှုကြသည်။

**အကျိုးကျေးဇူးများ**

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး စီမံကိန်းသည် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်း ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက် ကုန်သွယ်နိုင်မည်ဖြစ်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများ အနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား စစ်တွေဆိပ်ကမ်း ရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်း အရာရှိချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားသမားများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်ယှဉ်ပြိုင်ကစားကြပြီး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဒွေးတို့က ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ယှဉ်ပြိုင်ကြသည့် ပွဲစဉ်များ၌ အကျောပေးရိုက်ချက်( Handicap)(1 – 12) ပြိုင်ပွဲ၊ အကျောပေးရိုက်ချက်(Handicap) (13 – 18) ပြိုင်ပွဲ ၊ အကျောပေးရိုက်ချက်(Handicap)(19 – 24 )ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် အထူးဆုရ ငါးဦးတို့အား ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ငြိမ်းချမ်းသာယာ
အေးချမ်းဖို့
ပြည်ထောင်စု
စိတ်ဓာတ်
မွေးကြစို့

# ရွှေဘိုမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာတမ်းဖတ်ပွဲကျင်းပ

ရွှေဘို ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နည်းပညာ



ပြန့်ပွားရေးစင်တာ(KC)အလိုက် လုပ်ငန်းဆောင်ရွက်မှုတင်ပြချက် စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားကို ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန်၊ တင်ပြမှုအလေ့အကျင့်ကောင်းများရရှိနိုင်ရန်နှင့် တင်ပြချက်စာတမ်းများ စနစ်တကျ ပြုစုနိုင်ရန် ရည်ရွယ်၍ စာတမ်းဖတ်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

ရွှေဘိုမြို့နယ်အတွင်း နည်းပညာပြန့်ပွားရေးစင်တာ တာဝန်ခံ ခုနစ်ဦးတို့က မိမိတို့ KC နယ်မြေအလိုက် ၂၀၂၀-၂၀၂၁ လယ်ယာကဏ္ဍလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဖတ်ကြားတင်ပြကြသည်။ ထို့နောက် စာတမ်းဖတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အခမ်းအနားသို့ ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# ဧရာဝတီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

## ပန်းခင်းစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃ ဒသမ ၄ သန်းကျော်ကို ၁၈ လတာကာလအတွင်း ထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက် အောင်မြင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်စီမံချက်တစ်ခုဖြစ်သည့် ပန်းခင်းစီမံချက်ကို နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစီမံချက်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃ ဒသမ ၄ သန်းကျော်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာကာလ အတွင်း ထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေနှင့် အချို့ဒေသများတွင် လုံခြုံရေး အခြေအနေ၊ ရာသီဥတုအခြေအနေ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည်နေရာဒေသတော်တော် များများ၌ ရေလမ်းခရီးကိုသာ အသုံးပြုသွားလာရသည့်အတွက် ကွင်းဆင်းဆောင်ရွက်မှုများတွင် သွားလာရေးအခက်အခဲများစွာ ကြုံတွေ့ကြရပြီး ယင်းအဟန့်အတား အခက်အခဲများကြားမှ ဆောင်ရွက်ကြရခြင်းဖြစ်ပါကြောင်း။

**ရာနှုန်းပြည့် ပြီးမြောက်ကျော်လွန်**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၉၇၃၄ ကတ် ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၂၃၁၂၉၉ ကတ် ပြီးစီးနေပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၁၁၀ ဒသမ ၂၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအနက် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် ဒုတိယမြောက်တိုင်းဒေသကြီး ဖြစ်ပါကြောင်း၊ စီမံချက်အရ လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်သော်လည်း နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် ပြီးဆုံးသည့် လုပ်ငန်းမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အားလုံးက ဆက်လက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပန်းခင်းစီမံချက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးမှ ဝန်ထမ်းများကို တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများအတွက် Computer၊ Printer၊ မိတ္တူကူးစက်နှင့် ကွန်ပျူတာခုံများကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ဦးစီးမှူးက လက်ခံရယူသည်။

ယင်းနောက် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက e-ID စနစ် လုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက e-ID စနစ်အကြောင်း သိကောင်းစရာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာဖြင့် ဖြည့်သွင်းနေမှု၊ နေပြည်တော်(ရုံးချုပ်)မှ ပေးပို့သည့် အချက်အလက်များနှင့် တိုက်ဆိုင်၍ e-ID စနစ် အကောင်အထည်ဖော်ရာတွင် ချိတ်ဆက် အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် (နေပြည်တော်-မန္တလေး)လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ၂၈၅ မိုင်အနီး ယာဉ်ရပ်နားစခန်းနေရာများတွင် စည်းကမ်းမဲ့ ဈေးရောင်းချနေသည့် ကျူးကျော်ဈေးသည်များမရှိစေရေး၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူများကို မှာကြားသည်။ ဆက်လက်၍ တံတားဦးမြို့နယ် မန္တလေး-ရန်ကုန်လမ်းပေါ်ရှိ (ပန်းဆေးကျောင်း) တံတားဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသည့် မန္တလေး-ပြင်ဦးလွင်လမ်းပိုင်းရှိ Oriental Highway Company ရှင်းလင်းဆောင်၍ နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်စည်းကြပ်မှုဆိုင်ရာလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ ကုန်စည်စီးဆင်းမှု၊ နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေး တို့ကို တာဝန်ရှိသူများကို မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်း၊ (မန္တလေး-ပြင်ဦးလွင်လမ်း)လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့ လမ်းဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအတိုင်း နေထိုင်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင် ချိန်တွင် ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုမရှိစေရေး သတိပြုရန်လိုကြောင်း မှာကြားပြီး လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း ဝန်ထမ်းရေးရာများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**မောက်မယ် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ အောင်သုခကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ခန်းမဆောင်တည်ဆောက်ခြင်းနှင့် ထီတခေါ့ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီခွဲတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညို ဝင်း၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဌေးနှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းတို့က အောင်သုခကျေးရွာ၌ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သည့် စက်ရေတွင်း တွင်းနက်ပေ ၂၅၀ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ထောက်ပံ့ရန်ပုံငွေကျပ် ၁၁ ဒသမ ၇ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၁၉၂ သန်းတို့ဖြင့် ဆောင်ရွက်သည့် အလျားပေ ၄၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ ခန်းမဆောင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ထီတခေါ့ ကျေးရွာ၌ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၃ ဒသမ ၇၉ သန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာကုန်ထုတ်လမ်းအရှည် နှစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

**နိုင်ငံတော်အတွက် ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်**

# ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုကိုအခြေပြု၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များဖွဲ့စည်းကာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြန်လည်မြင့်တက်လာ**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသည်ကိုတွေ့ရှိရပါကြောင်း၊ ရောဂါဖြစ်ပွားမှုများမြင့်တက်လာခြင်းကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်ထိန်းချုပ်ရန်လိုအပ်၍ ကုသရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စသည်ဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရောဂါသံသယလူနာများအနေဖြင့်လည်းကောင်း၊ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများနေဖြင့်လည်းကောင်း၊ ရောဂါပိုး ရှိ၊ မရှိ အမြန်စစ်ဆေးနိုင်ရေးနှင့် ပိုးတွေ့ရှိပါကလည်း အမြန်ဆုံးကုသစောင့်ရှောက်မှုများပေးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်များကိုအခြေပြု၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားရှိပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို အားဖြည့်ဆောင်ရွက်ခြင်းအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)နှင့် ညွှန်ကြားရေးမှူး(ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)တို့ ပါဝင်သောအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုကိုအခြေပြု၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပိုးတွေ့ရှိသည့်လူနာများကို သက်ဆိုင်ရာကုသရေးစင်တာများသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရေး၊ ခွတ်ခွဲစစ်ဆေး၍ ပိုးတွေ့ရှိရခြင်းမရှိသူ ခွတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများကိုလည်း သက်ဆိုင်ရာ ကွာရန်တင်းစင်တာများ (သို့မဟုတ်) ဟိုတယ်ကွာရန်တင်းစင်တာများသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များအနေဖြင့် နီးနွယ်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက အတည်ပြုလူနာများကို ခရိုင်အလိုက်ဖွဲ့စည်းထားသည့် လူနာခုတင် စီမံခန့်ခွဲမှုကော်မတီများမှတစ်ဆင့် သက်ဆိုင်ရာ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်/တိုက်နယ်ဆေးရုံများ၊ ကုသရေးစင်တာများသို့ လွှဲပြောင်းပို့ဆောင်နိုင်မည့်အခြေအနေ၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဆေးရုံတက်ရောက်ကုသရမည့် ကာလကို လျှော့ချနိုင်မည့်အခြေအနေ၊ တတိယလှိုင်းကာလတွင် လူနာနည်းပါးလာမှုကြောင့် ခေတ္တရပ်နားထားရသည့် ကုသရေးစင်တာများကို ပြန်လည်ဖွင့်လှစ်နိုင်မည့်အခြေအနေ၊ ကုသရေးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊ အောက်ဆီဂျင်နှင့် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိသည့်အခြေအနေ၊ လူနာတင်ယာဉ်ရရှိနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခွတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသခြင်းလုပ်ငန်းများ စသည်တို့ဆောင်ရွက်ရာတွင် အစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွက် မိမိကိုယ်တိုင် သံသယလူနာ(သို့မဟုတ်) ခွတ်ခွဲအတည်ပြုလူနာ တစ်ဦးဖြစ်ပါက မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကိုစဉ်းစား၍ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကိုသတိပြု၍ အလေးထားဆောင်ရွက်ကြစေရေး၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရေးအတွက် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများဖွင့်လှစ်မည့် ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တို့တွင် အောက်ဖော်ပြပါသင်တန်းများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သက်ဆိုင်ရာတက္ကသိုလ်များ၏ Facebook Page, Website တို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ တက္ကသိုလ်များသို့ တိုက်ရိုက်စုံစမ်းမေးမြန်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

- ❖ ဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)(၂/၂၀၂၂)**အတန်းသစ်**နှင့် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(က) (၂/၂၀၂၂)**အတန်းသစ်**
- ❖ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၏ စတုတ္ထနှစ် ဘီဒီအက်စ်(၁/၂၀၂၀)(ပုံမှန်)သင်တန်းနှင့် တတိယနှစ် ဘီဒီအက်စ်(၁/၂၀၂၀) (ပုံမှန်)သင်တန်း
- ❖ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)နှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တို့၏ တတိယနှစ်(၁/၂၀၂၀) (ပုံမှန်)သင်တန်းများ



# မှော်ဘီမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**မှော်ဘီ ဖေဖော်ဝါရီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အတွင်းရှိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးခြောက်လပြည့် နိုင်ငံ့ဝန်ထမ်းများအား ရုရှားနိုင်ငံထုတ် Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို မှော်ဘီမြို့နယ် အားကစားကွင်းရှိ အားကစားခန်းမဆောင် ဆေးထိုးစုရပ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်း၊ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီမှစတင်၍ ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေးမထိုးနှံမီ နိုင်ငံ့ဝန်ထမ်းများအား လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးပြီး မိနစ် ၃၀ ခန့် စောင့်ကြပ်ကြည့်ရှုပေးခြင်းများ စီစဉ်ဆောင်ရွက်ထားရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

**ထိုးနှံပေးမည်**

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို မှော်ဘီမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း ၆၀၀ ကျော် ထိုးနှံပေးမည်ဖြစ်ပြီး ကျန်ရှိနိုင်ငံ့ဝန်ထမ်းများအား ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးမှော်ဘီမြို့နယ် တွင် ထိုးနှံပြီးသူ ၁၄၃၈၉ ဦးရှိပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**ဥာဏ်ဟိန်း**

# သာယာဝတီမြို့နယ်၌ ကိုဗစ်-၁၉ မျိုးကွဲသစ်အိုမီခရွန် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်နှင့် သုံးဆယ်မြို့တို့တွင် ပြည်သူများ ကိုဗစ်-၁၉ မျိုးကွဲသစ်အိုမီခရွန် ကြိုတင်ကာကွယ်နိုင်ရေး ရည်ရွယ်၍ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့သည် ယနေ့နံနက်က မြို့နယ်အတွင်းရှိ ပြည်သူများ အသွားအလာများသည့် လမ်းဆုံများသို့ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



**အသိပညာပေးနှိုးဆော်**

ထိုသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်သည် မိမိတို့နိုင်ငံတွင်တွေ့ရှိလာကာ ကူးစက်လျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကြရန်နှင့် ကာကွယ်ဆေးများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမှုရှိစေရန်ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် မပျက်မကွက် အကြိမ်အရေအတွက်ပြည့်မီစွာ ထိုးနှံကြပါရန် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား အသိပညာပေးနှိုးဆော်ခဲ့သည်။

ယင်းနောက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သုံးဆယ်မြို့မဈေးအတွင်း လှည့်လည်ပြီး ကွင်းဆင်းစစ်ဆေးရာ နှာခေါင်းစည်း မတပ်ဆင်သူများနှင့် စည်းကမ်းမလိုက်နာသူ ပြည်သူများအား စစ်ဆေးဒဏ်ရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးခိုင်(သာယာဝတီ)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကိုလိုက်နာစို့**

✪ ရှေ့ဖုံးမှ

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘော ရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်း အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်လိုပါတယ်" ဟု ပြောကြားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီးဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စွမ်းအားပြည့် အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေး ရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာ အရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီ အများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေး ခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုး ပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇)ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင် အဖွဲ့များနှင့် (၂)ကြိမ်၊ စုစုပေါင်း(၃၄)ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေး အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲ များပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ် ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နီးနှောဖလှယ် နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ် ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၃)ရပ် အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "တိုင်းပြည်သာယာ ဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေး" ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်**အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည် ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက် ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်း အဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေး သွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့်အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြ ပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်စဉ် ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရ ငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်း နှိုးဆော်မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးငြိမ်းသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၆**

(၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးငြိမ်းသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မီးငြိမ်းသတ်ယာဉ် လေးစီးနှင့် မီးသတ်ရေသယ်ယာဉ် တစ်စီးကို ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီး ဌာန ညွှန်ကြားရေးမှူးထံလွှဲပြောင်း ပေးအပ်ပြီး မီးငြိမ်းသတ်ယာဉ် များကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးသတ်စခန်းများ တွင် လူအသင့်၊ ယာဉ်/ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ရှိရန် လိုအပ် သကဲ့သို့ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန် ငြိမ်းသတ်နိုင်ရေး ဓာတ်တိုက် လေ့ကျင့်ခြင်းများ စဉ်ဆက်မပြတ်လေ့ကျင့်နေရန် လိုအပ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် များကိုလည်း နည်းပညာများနှင့် ကျွမ်းကျင်မှုရှိအောင် စွမ်းဆောင် ရည်မြှင့်တင်ဆောင်ရွက်ပေးသွား ရမည်ဖြစ်ကြောင်းနှင့် ရေရှည်အသုံး ပြုနိုင်ရေး စနစ်တကျကိုင်တွယ် ထိန်းသိမ်းဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း မှာကြားပြီး လွှဲပြောင်းပေးအပ်ခဲ့သည့် မီးငြိမ်း သတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ကြည့်ရှုသည်။

အဆိုပါ မီးငြိမ်းသတ်ယာဉ် လေးစီးနှင့် မီးသတ်ရေသယ်ယာဉ် တစ်စီးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၃၁၁ ဒသမ ၈၅ သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဤကမ္ဘာတည်သရွေ့

(အချိုးတွဲကဗျာ)

* ပြည်နယ်တွေ စုကာဝိုင်း
တိုင်းနှင့်ပေါင်းကာ။
စိတ်ချင်းညီမကွဲ
အင်အား ခိုင်မာ။
ဆုံတွေ့လို့ညီညာ ပြည်သာဖို့အရေး။
သားချင်းတွေတွဲတဲ့လက်
အားဆက်စို့လေး။ ။

(လေးချိုး)

* မြောက်ဘက်စွန်း မနော‌မြေ
ကချင်တွေ ဆိုကာကွယ့်။
တောင်အစဉ် တောင်ပေါ်တန်းက
မောရှမ်းတွေ ညီညာမှု ပြုကြပါရဲ့။ ။

(ဒွေးချိုး)

* တောင်ပေါ်မှာ ကွေ့ကာကောက်
ဖောက်လေတဲ့ လမ်းတွေမှာ
ချင်းတို့နေရာ။
ကယားလည်း မကျန်ပါ
ညီညာတယ် တိုင်းရင်းသား။
အရေးရှိရင်လ
သွေးညီ့ကာ လက်ချင်းဆက်
တွဲယှက်မှုအား။ ။

(တြိချိုး)

* ပင်လယ်ပြင် ကမ်းမြောင်နီး
သွေးစည်းတဲ့ ရခိုင်ပါ။
စစ်တောင်းမှာ အခြေပြု
စုစည်းကာ ညီညာလို့
မွန်တို့နေရာ။
သံလွင်မြစ်အားပြုကာ
ကရင်မှာ ညီညာကြောင်း။
သားချင်းတွေပြည့်အရေး
သွေးနဲ့စုပေါင်း။ ။

(လေးချိုး)

* တိုင်းရင်းသားတွေ ညီညာမှုနဲ့
"ပြည်ထောင်စု" ဖြစ်ပေါ်လာ။
လက်ယှက်ကာ ဘယ်မခွဲ
တွဲလျက်ခိုင်မာ။
ဘယ်ရန်သူ ဘယ်သို့လာ
ညီညာစွာ ယှဉ်တွဲ။
ဤကမ္ဘာတည်သရွေ့ ညီဟေ့အမြဲ။ ။

(လေးချိုး)

**သူရဇော်**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

# ဒီမိုကရေစီကျင့်စဉ်အစ ပညာသင်ကျောင်းက

ဒေါက်တာမောင်သင်း

**“ကလေးတွေကို ကျောင်းမှာ ဒီမိုကရေစီ လေ့ကျင့်ပေးနိုင်စွမ်းမရှိတဲ့ နိုင်ငံဟာ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို ဘယ်သောအခါမှ မရောက်နိုင်ပါ”**

**ဘာစ်ကာရာချာယူလူ**
**(အိန္ဒိယပညာရေးပညာရှင်)**

မြန်မာ့လူမှုဝန်းကျင်တွင် “စာသင်ကျောင်း” ဟု သုံးစွဲခေါ်ဝေါ်နေသော ပရဝဏ်သည် “စာသက်သက် သာသင်သည့်နေရာ” မဟုတ်ပါ။ အနာဂတ်တွင် မိမိကိုယ်ကို “ထိန်းကျောင်း”တတ်ရန် လေ့ကျင့်ပေးသည့်နေရာဖြစ်၍ “ကျောင်း”ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

တကယ်တော့ ကျောင်းသည် သင်ကြား၊ သင်ယူမှု နေရာသက်သက် မဟုတ်ပါ။ အနာဂတ် လူ့အဖွဲ့အစည်းအတွက် မျှော်ကိုး၍ ကလေးငယ်များကို ထိုလူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးသည့် “လူပြင်သည့်နေရာပါ”။ သို့ဖြစ်၍ ကျောင်းနှင့် စာသင်ခန်းသည် **“အနာဂတ် လူ့အဖွဲ့အစည်း၏ ရှေ့ပြေးပုံစံငယ်”** ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ရှေးရှုသွားနေသည့် အနာဂတ်လူ့ဘောင်သည် “မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်း”ပင် ဖြစ်ပါသည်။

အိန္ဒိယပညာရေးပညာရှင်၏ အထက်ဖော်ပြပါ အဆိုကို မြန်မာ့ပညာရေးမှာ တာဝန်ရှိသူများက လက်ခံပြီး အနာဂတ် လူ့အဖွဲ့အစည်း၏ ရှေ့ပြေးပုံစံငယ်ဖြစ်သည့် ကျောင်းနှင့် စာသင်ခန်းတွင် “ဒီမိုကရေစီကျင့်စဉ်”ကို မဖြစ်မနေလေ့ကျင့်ပေးရန် လိုအပ်ပေလိမ့်မည်။

ကျွန်တော်တို့ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းဆီ ချီတက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ကျော်ခဲ့ပါပြီ။ မျိုးဆက်သစ် ကလေးငယ်များကို ဒီမိုကရေစီအလေ့အကျင့်ရစေမည့် သင်ခန်းစာများ ကျွန်တော်တို့ ကျောင်းများတွင် လေ့ကျင့်ပေး၊ သင်ပေးခဲ့ပါပြီလား။ လေ့ကျင့်ပေးခဲ့လျှင် ကိစ္စမရှိပါ။ မရှိသေးရင်တော့ မဖြစ်မနေသင်ပေးရပါလိမ့်မည်။ ပညာရေး၏ တာဝန်သည် သူ့ခေတ် သူ့အခါက တောင်းဆိုသည့် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျစေမည့် အရည်အသွေးများကို ယနေ့ ကလေးများကို လေ့ကျင့်ပေး၊ တပ်ဆင်ပေးရမှာပါ။

ကိုလိုနီခေတ်အခါက အမျိုးသားစိတ်ဓာတ် ပြည့်ဝပြီး လွတ်လပ်ရေးကြိုးပမ်းမှုကို မြှင့်တင်နိုင်မည့် လူငယ်များပေါ်ထွက်လာရန် “အမျိုးသား ပညာရေး”က (ကိုလိုနီပညာရေးနှင့် အပြိုင်) လေ့ကျင့်ပေးခဲ့ပါသည်။ ထို့ကြောင့် နောင်ဆယ်စုနှစ် အတွင်းမှာ အမျိုးသားရေးဝါဒီ လွတ်လပ်ရေး ခေါင်းဆောင်များ ပေါ်ထွန်းခဲ့ပါသည်။ ထိုခေတ် ပညာရေးသည် သူ၏သမိုင်းပေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါသည်။ ယနေ့ မြန်မာ့



ဒီမိုကရေစီစံနှုန်းများကို အခြေခံပညာကျောင်းများမှ စတင်သင်ကြားပေးရမည်ဖြစ်သော်လည်း အကြမ်းဖက်အုပ်စုများက ကျောင်းသား ကျောင်းသူများ စာသင်ခန်းသို့ မလာနိုင်စေရန် ကျိုက်မရော မြို့နယ် တောင်ကလေးအရှေ့စုကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား ၂၇-၅-၂၀၂၁ ရက်နေ့က မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

လူ့အဖွဲ့အစည်း ဦးတည်နေသည့် လမ်းကြောင်းက ဒီမိုကရေစီ လူ့အဖွဲ့အစည်းပါ။ ဤလူ့အဖွဲ့အစည်း အတွက် လိုအပ်သည့် **“စံပြည့် ဒီမိုကရေစီနိုင်ငံသား”** အဖြစ် လေ့ကျင့်ပေးရမည့်တာဝန်မှာ ကျွန်တော်တို့ ခေတ်ပညာရေး၏ ပခုံးပေါ် ကျရောက်လာပါပြီ။ ပညာရေးမှ တာဝန်ရှိသူများ အားကြိုးမာန်တက် ထမ်းဆောင်ရပါလိမ့်မည်။ ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့် နေရာများက အမျိုးမျိုးသော “ကျောင်း” များမို့ နောက်ဆုံးတွင် ကျောင်းဆရာများ၏ ပခုံးပေါ် တာဝန်ကျရောက်လာပါပြီ။

**ပညာရေးနှင့် သမိုင်းပေးတာဝန်ကျေပွန်မှု**

မြန်မာ့ပညာရေးက ဒီမိုကရေစီအရည်အသွေး ပြည့်ဝသူများ လေ့ကျင့်ပေးသည်မှာ အထူးအဆန်း မဟုတ်ပါ။ ၁၉၅၄ ခုနှစ်က ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ၏ ရှစ်နှစ်တာ ပညာရေးအစီရင်ခံစာကို လေ့လာရာတွင် ကျောင်းသူတစ်ဦး ကျောင်းသား ကိုယ်စားလှယ် ရွေးချယ်နေသည့် ခေတ်ပုံကို တွေ့မိပါသည်။ ထိုအချိန် မြန်မာ့ပါလီမန်ဒီမိုကရေစီနှင့် လိုက်လျောညီထွေရှိမည့် “ဒီမိုကရေစီ” အလေ့အကျင့်ကို ကျောင်းသား အရွယ်ကတည်းက ကျောင်းများတွင် စတင်လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ပညာရေးသည် သူ့ခေတ်၊ သူ့အခါတွင် သမိုင်းပေးတာဝန် ကျေခဲ့ပါသည်။

ထို့အပြင် ရန်ကုန်ခရိုင် ပညာဝန် ဦးခင်သန်း (ဗိုလ်ချုပ်အောင်ဆန်းကို ရေနံချောင်း အမျိုးသား ကျောင်းသားဘဝက ပါဠိနှင့် မြန်မာစာ ဂုဏ်ထူး ထွက်အောင် သင်ပေးခဲ့သူ) ရေးသားသည့် **“လူမှုရေးရာသင်ပြမှု”** စာအုပ်ကို ဖတ်မိပါသည်။ လူ့တန်ဖိုးမြင့်စေရန် သဘောတရားထက် လက်တွေ့လေ့ကျင့်နိုင်မှုကို ပိုပြီးဦးစားပေးထားသည့် ၁၉၅၆ ခုနှစ်ထုတ် **“ပြဋ္ဌာန်းစာအုပ်”** ဖြစ်ပါသည်။ ဆရာကြီး၏စာအုပ်တွင် ရန်ကုန်တက္ကသိုလ် ဆရာအတတ်သင် မဟာဌာနမှူး ဆရာကြီး ဦးကွန်း၏ အမှာစာ၌ **“ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီ ကျင့်သုံးနေသောနိုင်ငံ ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသည် ဒီမိုကရေစီစနစ်ကို အခြေခံကာ ရေးဆွဲထားသော ဥပဒေဖြစ်သည်”**လို့ ဆိုပြီး အဲဒီခေတ် နိုင်ငံတော်၏ ရည်မှန်းချက်၊ လမ်းစဉ်ကို ဖော်ပြခဲ့ပါသည်။ ပညာရေးသည် နိုင်ငံတိုင်း၏ ရှေ့ဆက်သွားရမည့် မူ၊ လမ်းစဉ်ကို အကောင်အထည်ဖော်မည့် အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် တာဝန်အရှိဆုံးပါ။

ဒီမိုကရေစီ နိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် အဓိကထား လေ့ကျင့်ပေးရမည့်သူများကိုလည်း ဆရာကြီး၏ အမှာစာတွင် တိတိလင်းလင်း ဖော်ပြထားပါသည်။ ဆရာကြီး၏ ဖော်ပြချက်မှာ **“ဒီမိုကရေစီနိုင်ငံတွင် ဒီမိုကရေစီဝါဒ အစွန့်ရှည် တည်တံ့ခိုင်မြဲစေရေးအတွက် လူကြီးများသာမက ကလေးများအားလည်း ဒီမိုကရေစီဝါဒကို လိုက်နာကျင့်သုံးစေသင့်သည်။ ကလေးများအား ငယ်စဉ်ကတည်းက ဒီမိုကရေစီကျသော နေထိုင်မှု၊ အလေ့အထများကို ရစေလျှင် ၎င်းတို့ ကြီးပြင်းလာသောအခါ ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးသွားကြလိမ့်မည်။ လူကြီးရော ကလေးပါ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံတွင် ဒီမိုကရေစီဝါဒသည် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲလိမ့်မည်။ ထို့ကြောင့် ကလေးသူငယ်များအား ကျောင်းနေစဉ် ကလေးဘဝမှစ၍ ဒီမိုကရေစီစနစ် နေထိုင်မှုအလေ့အထများကို ကလေးများအား ရရှိစေသင့်သည်”** ဟူ၍ ဖြစ်ပါသည်။

ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆီသို့ လျှောက်လှမ်းနေသည့် နိုင်ငံတစ်နိုင်ငံတွင် **“ဒီမိုကရေစီ ကျင့်စဉ် အစ ပညာသင်ကျောင်းက”**ဟု တိတိကျကျ ဖော်ညွှန်းလိုက်ခြင်း ဖြစ်ပါသည်။ နောင်တစ်ချိန်တွင် နိုင်ငံကို ဦးဆောင်ကြမည့် ယနေ့ခေါင်းဆောင်လောင်းများကို ဒီမိုကရေစီယဉ်ကျေးမှုနှင့် ကလေးဘဝကတည်းက ယဉ်ပါးနေပါမှ နိုင်ငံ၏ ကောင်းကျိုး တာဝန်ထမ်းဆောင်နိုင်သည့်ဘဝ ရောက်သောအခါ **“စံပြည့် ဒီမိုကရေစီ သားကောင်းရတနာများ”**အဖြစ် အောင်အောင်မြင်မြင် ဦးဆောင်ကြပါလိမ့်မည်။

**ကျောင်းနှင့် ဒီမိုကရေစီ အလေ့အကျင့်**

ကျွန်တော်တို့၏ ကလေးငယ်များအား လူချွန်လူကောင်းများအဖြစ် သင်ကြားလေ့ကျင့်ပေးနေသည့် ကျောင်းများတွင် ဒီမိုကရေစီအလေ့အကျင့်များ ပေါ်ထွန်းလာစေရန် သင်ရိုးများ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ကလေးများကို ထိုအလေ့အကျင့်များ ပိုမိုထွန်းတောက်ဖို့ လေ့ကျင့်ပေးရန်နှင့် ဤသို့ လေ့ကျင့်ပေးနေမှုများသည် “ဒီမိုကရေစီ ကျင့်စဉ်”၊ “စံ” နှင့် “အနှစ်သာရ” များပင်ဖြစ်ကြောင်း မီးမောင်းထိုးပြ သင်ကြားပေးသင့်ပါသည်။ ကျောင်းစာလောက်သာ သင်ပြီး စာမေးပွဲရမှတ် ပြိုင်နေရုံဖြင့်သာ ကျေနပ်နေကြလျှင်ဖြင့် နိုင်ငံသည် “ဒီမိုကရေစီ ယဉ်ကျေးမှု” နှင့် အလှမ်းဝေးနေပါလိမ့်မည်။ ကျောင်းများတွင် ရှိပြီးသား ဖွံ့ဖြိုးရေး အချိန်များကို ပြည့်ပြည့်ဝဝ အသုံးချရန် လိုပေသည်။ ထိုဖွံ့ဖြိုးရေးအချိန်များတွင် ပါဝင်လှုပ်ရှားမှုများနှင့် သင်ခန်းစာများသည် ကလေးများဘဝအတွက် စာမေးပွဲရမှတ်လွန် အောက်ဖော်ပြပါ “ဒီမိုကရေစီ တန်ဖိုး”များ ပေါ်ထွန်းလာစေပါသည် -

**(၁) အများနှင့် ငြိမ်းချမ်းစွာ အတူနေတတ်ရန်**

ယခုအချက်သည် ကလေးများကို ကျောင်းသို့ ကျွန်တော်တို့ မိဘများ လွှတ်ရခြင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်သလို ဒီမိုကရေစီ လူ့အဖွဲ့အစည်း တွင် ထိပ်ဆုံးက တတ်ကျွမ်းပြီး ရှင်သန်နေရမည့် ပညာမှာ **“လူတွေနှင့်အတူ ငြိမ်းချမ်းစွာနေတတ်ဖို့”**၊ **“ပေါင်းသင်းဆက်ဆံတတ်ဖို့”** ပင် ဖြစ်ပါသည်။

သို့မှသာ မိမိရော၊ မိမိပတ်ဝန်းကျင်ပါ ငြိမ်းချမ်းမှုကို ဖော်ဆောင်ပါလိမ့်မည်။ ဒီမိုကရေစီကျင့်စဉ်သည် ငြိမ်းချမ်းမှုကိုသာပေး၏။ လူတွေနှင့် ဆိုသော်လည်း မိသားစုဝင်များနှင့်သာ မဟုတ်ပါ။ ဆွေမတော် မျိုးမစပ် ရွယ်တူများနှင့် ဆော့ကစားရင်း၊ စာသင်ရင်း၊ အတန်းအကျိုး၊ ကျောင်းအကျိုး သယ်ပိုးရင်း ပေါင်းသင်းဆက်ဆံရေး ကြွယ်ဝလာစေရပါမည်။ ရွယ်တူများနှင့် ကစားခုန်စားခွင့်ရခြင်း၊ အတူကြီးပြင်းခွင့် ပျော်ရွှင်စွာ ပညာရှာခွင့်ရခြင်းသည်ပင် ကလေးဘဝ၏ အကြီးမားဆုံး လူ့အခွင့်အရေးကို ရရှိခြင်းပါ။ အိမ်မှာ ရွယ်တူ ဘယ်နှဦး ရှိနိုင်ပါမည်လဲ။ ကျောင်းမှာလောက် မများနိုင်ပါ။ ထို့အတူ အတန်းကြီးသူ၊ အတန်းငယ်သူများနှင့် ပေါင်းတတ်၊ သင်းတတ်ရပါသည်။ သို့မှသာ ကြီးသူကို လေးစား၊ ငယ်သူကို စာနာတတ်ခြင်းဆိုသည့် ပြေပြစ်သည့် ပေါင်းသင်းဆက်ဆံရေး၏ အဓိကသော့ချက်ကို ရနိုင်မှာပါ။ ဤသည်မှာ ဒီမိုကရေစီ လူ့အဖွဲ့အစည်း အတွင်း အမြဲရှိနေရမည့် စိတ်ထားဖြစ်ပေသည်။

**(၂) တန်းတူအခွင့်အရေးရရှိရန်**

အိမ်က မိသားစုမှာ ဘဝနောက်ခံ အတူတူ၊ ကိုးကွယ်ရာ ဘာသာအတူတူဆိုတော့ မတူကွဲပြားမှု၏ တန်ဖိုးကို မသိနိုင်၊ နားမလည်နိုင်ပါ။ ကျောင်းမှာ အတူ ပညာသင်ကြားကြသည့် အတန်းဖော်များတွင် ရှုန်းကန်လှုပ်ရှားမှုကို **စာမျက်နှာ ၉ သို့** ○

**❝ စည်းကမ်းသည် ချုပ်ချယ်တားမြစ်သည့် သဘောမဟုတ်ပါ။ မိမိတို့ဘဝ လွတ်လပ်စွာဖွံ့ဖြိုးရန်အတွက် မိမိတို့၏ “အကာအကွယ်” ဖြစ်ကြောင်း ကလေးများကို ကိုယ်တိုင်နားလည်သဘောပေါက်လာစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ စည်းကမ်းလိုက်နာမှုသည် မိမိ၏ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် ဖွံ့ဖြိုးမှုကိုဖြစ်ထွန်းစေပြီး သူတစ်ပါးကိုလည်း ထိခိုက်နစ်နာစေခြင်းမှ ကင်းဝေးစေပါသည်။ တစ်ဦးချင်း၊ အတန်းတွင်း၊ ကျောင်းတွင်းမှသည် ရပ်ရွာ၊ နိုင်ငံအတွင်း စည်းကမ်းကို ရိုသေလေးစားလိုက်နာ တန်ဖိုးထားခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်း အစဉ်ဖြစ်ထွန်းလာစေရန် ဖြစ်ပါသဖြင့် “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟူသည့် ဆောင်ပုဒ်သည် မြန်မာ့ကျောင်းတိုင်းတွင် ခေတ်အဆက်ဆက် ဆက်လက်အကောင်အထည်ဖော်နေမည့် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အလိုအပ်ဆုံး ဆောင်ပုဒ်ဟု မြင်မိ ❞**

○ စာမျက်နှာ ၈ မှ

အခြေခံကာ ဆင်းရဲ၊ ချမ်းသာ ကွာဟမှု၊ မိဘ၏ ရာထူးဂုဏ်သိမ် စသည်ဖြင့် အမျိုးမျိုးသော သားသမီးများ စုံလင်လှသည်။ ကွဲပြားခြားနား နိမ့်ကျသည့် ဘဝများကို စာနာတတ်ခြင်းသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုကို ဖြစ်ထွန်းစေပါသည်။

ထို့အပြင် ကျောင်းစည်းကမ်းတွင် မိဘ၏ ရာထူးဂုဏ်သိမ်၊ စည်းစိမ် အရှိန်အဝါများကို ကျောင်းသို့ သယ်ဆောင်လာခွင့် မပြုပါ။ စာသင်ခန်းတွင် ဆူကြုံနိမ့်မြင့် မရှိပါ။ အဆင့်အတန်း ခွဲခြားမှု ကင်း၏။ တန်းတူကြိုးစားခွင့်၊ အောင်မြင်ခွင့်ရှိ၏။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် **“တန်းတူအခွင့်အရေးရရှိမှု”** (Equity) ၏ အရသာကို စာသင်ခန်းတွင် စတင်ခံစားရပေသည်။ အကယ်၍ ကျွန်တော်တို့ သားသမီးများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရခဲ့လျှင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အနှစ်သာရဖြစ်သည့် တန်းတူအခွင့်အရေးရမှု အလေ့အကျင့်နှင့် ယင်း၏တန်ဖိုးကို ကျွန်တော်တို့၏ မျိုးဆက်သစ်များ မရနိုင်တော့ပေ။

ကျောင်းတွင် ဘဝနောက်ခံ မတူညီသူ အချင်းချင်း ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာသင်တတ်ရန်၊ နားလည်စာနာမှုဖြင့် နေထိုင်တတ်ရန်၊ အတန်းအကျိုး၊ ကျောင်းအကျိုး ပေါင်းစုညီညာစွာ သယ်ပိုးတတ်ရန်နှင့် နောက်ဆုံးတွင် **“ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် ပြည့်ဝနိုင်ငံသား”**များ ဖြစ်ထွန်းလာစေရန် ကျွန်တော်တို့ မဖြစ်မနေ အားပေးရပေမည်။ သို့ဖြစ်၍ ကမ္ဘာတစ်လွှားတွင် **“ဒီမိုကရေစီ ကျင့်စဉ်အစ ပညာသင်ကျောင်းက”** ဟူသည့်အမြင်ဖြင့် ကလေးများကို ကျောင်းသို့ စေလွှတ်ကာ မိဘများက ဆရာများထံအပ်၍ လေ့ကျင့်ပေးနေပါသည်။

**(၃) ကျင့်ဝတ်နှင့် စည်းကမ်းကို လေးစားလိုက်နာ တန်ဖိုးထားတတ်ရန်**

လူနှင့် တိရစ္ဆာန် ကွာခြားချက်မှာ လူတွင် ကျင့်ဝတ်ရှိခြင်းနှင့် ယင်းကိုသိ၍ ကျင့်ကြံလိုက်နာခြင်းပါ။ ကျင့်ဝတ်နှင့် စည်းကမ်းကို လိုက်နာတန်ဖိုးထားတတ်မှုသည် ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရပင် ဖြစ်ပါသည်။

ဒီမိုကရေစီသည် မင်းမဲ့စရိုက် မဟုတ်ကြောင်းနှင့် စည်းကမ်းလိုက်နာနိုင်ရန် စာရိတ္တနှင့် ပြည်သူ့နီတိတို့ဖြင့် သင်ကြားလေ့ကျင့်ပေးပါသည်။ စာသင်ရာ၊ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာ၊ လမ်းသွားရာ၊ ပေါင်းသင်းဆက်ဆံရာ၊ စာမေးပွဲစစ်ဆေးရာ၊ အားကစားပြိုင်ပွဲများတွင် စည်းကမ်းကျနစွာ မည်ကဲ့သို့ နေထိုင်ကျင့်သုံးရမည်များနှင့် ရပ်ရွာတွင်း၊ အိမ်တွင်း၊ မိသားစုအတွင်း လိုက်နာရမည့် ကျင့်ဝတ်များလည်း ပါဝင်ပါသည်။

စည်းကမ်းသည် ချုပ်ချယ်တားမြစ်သည့် သဘောမဟုတ်ပါ။ မိမိတို့ဘဝ လွတ်လပ်စွာ ဖွံ့ဖြိုးရန်အတွက် မိမိတို့၏ **“အကာအကွယ်”** ဖြစ်ကြောင်း ကလေးများကို ကိုယ်တိုင်နားလည်သဘောပေါက်လာစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ စည်းကမ်းလိုက်နာမှုသည် မိမိ၏ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေပြီး သူတစ်ပါးကိုလည်း ထိခိုက်နစ်နာစေခြင်းမှ ကင်းဝေးစေပါသည်။ တစ်ဦးချင်း၊ အတန်းတွင်း၊ ကျောင်းတွင်းမှသည် ရပ်ရွာ၊ နိုင်ငံအတွင်း စည်းကမ်းကို ရိုသေလေးစားလိုက်နာ တန်ဖိုးထားခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်း အစဉ်ဖြစ်ထွန်းလာစေရန် ဖြစ်ပါသဖြင့် **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့် ဆောင်ပုဒ်သည် မြန်မာ့ကျောင်းတိုင်းတွင် ခေတ်အဆက်ဆက် ဆက်လက်အကောင်အထည်ဖော်နေမည့် ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ အလိုအပ်ဆုံးဆောင်ပုဒ်ဟု မြင်မိပါသည်။

**(၄) ပြည့်ဝနိုင်ငံသားများ ဖြစ်ထွန်းရန်**

ကျောင်းများတွင် ပညာရေး၏ အဓိကရည်မှန်းချက်ဖြစ်သော ပြည့်ဝနိုင်ငံသား (Good Citizen) ဟု ဆိုအပ်သည့် **“မိမိမွေးဖွားရှင်သန်ရာနိုင်ငံ၏ နိုင်ငံသားဖြစ်ရတာ ဂုဏ်ယူစိတ်ရှိသူများ”** ပေါ်ထွန်းရန် လေ့ကျင့်ပေးနေပါသည်။ နိုင်ငံသားကောင်းတစ်ဦးဖြစ်လာလျှင် ဒီမိုကရေစီစိတ်ထား ပိုင်ဆိုင်သူ (Good Democrat) အဖြစ်လည်း ကျွဲကူးရေပါ ဖြစ်လာတော့သည်။ ထိုစိတ်ထားပိုင်ရှင်သည် စာရိတ္တခိုင်မာမှု၊ စာနာမှု၊ လူမှုဆက်ဆံရေး အသိ မြင့်မားမှု၊ ပြောဆိုလိမ္မာယဉ်ကျေးမှု၊ ကျန်းမာကြံ့ခိုင်မှု၊ နိုင်လိုမင်းထက်ကင်းမှု၊ သည်းခံမှု၊ စည်းကမ်းလိုက်နာမှု၊ ပြဿနာကို ကျိုးကြောင်းဆီလျော်စွာ ဖြေရှင်းနိုင်မှုနှင့် ရည်မှန်းချက်ကို ပေါက်မြောက်အောင် စုပေါင်းဆောင်ရွက်တတ်မှု စသည့် ဗလငါးတန်ပြည့်စုံသည့် နိုင်ငံသားများပင် ဖြစ်ပါသည်။

ထို့အပြင် ကျောင်းသည် မိမိနှင့် မိမိလူ့အဖွဲ့အစည်း၏ မငြိမ်းချမ်းမှုပြုခြင်းကို ရှောင်ရှားနိုင်သူနှင့် ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်သူများ ဖြစ်လာအောင် လေ့ကျင့်ပေးပါသည်။ ထိုသို့ လေ့ကျင့်ရာ၌ အဓိကသင်ရိုးထဲတွင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို အခြေပြု၍လည်းကောင်း၊ သင်ရိုးပြင်ပ ဖွံ့ဖြိုးရေးအချိန်များ၊ အားကစားလေ့ကျင့်မှုများ၊ လေ့လာရေးခရီးများ၊ ကျောင်းတွင်း ပြပွဲ၊ ပြိုင်ပွဲများ၊ ကျောင်းကောင်စီအဖွဲ့များတွင် ပါဝင်လှုပ်ရှားစေခြင်းတို့ ပါဝင်ပါသည်။

**(၅) ဘုံရည်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်တတ်ရန်**

ကျောင်းများတွင် ကျောင်းကောင်စီအသင်းများ ရှိပါသည်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက လေးသင်းပါ။ ယခုတော့ ငါးသင်း ဖြစ်နေပါပြီ။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗန္ဓုလအသင်းများ ဖြစ်ပါသည်။ အနော်ရထာသည် နောက်တိုးအသင်း ဖြစ်ပါသည်။

မိမိတို့၏ ကြိုးပမ်းအားထုတ်မှုရလဒ်ကြောင့် ကိုယ့်အသင်းအလံ ထိပ်ဆုံးတွင်ချိတ်ဆွဲနိုင်ရေးအတွက် အားကစား၊ သန့်ရှင်းရေး၊ စည်းကမ်းလိုက်နာမှု၊ လပတ်စာမေးပွဲ ဖြေဆိုအောင်မြင်မှု၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကြက်ခြေနီအသင်း၊ စကားရည်လုပွဲ၊ ဟောပြောပွဲများ၌ တက်ကြွစွာ ပါဝင်လှုပ်ရှားရာတွင် အသင်းတာဝန်ခံ ဆရာ ဆရာမများ၏ ဦးဆောင်မှု၊ အတန်းကြီးမှ အစ်ကို၊ အစ်မများ၏ လမ်းပြမှုဖြင့် အသင်းသားများ ညီညီညွတ်ညွတ် ကြိုးပမ်းကြပါသည်။

ထိုသို့ ကြိုးပမ်းရာတွင် **“မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်”** ဆိုသည့် ကျောင်းကောင်စီအဓိဋ္ဌာန်လေးချက်နှင့် ညီရပါလိမ့်မည်။ မိမိကစတင်၍ မိမိ၏ ပတ်ဝန်းကျင်ကို ကောင်းအောင် ကြိုးပမ်းသည့် စိတ်ထားဖြင့် နေထိုင်ခြင်းသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း ထာဝရရှင်သန်နေသင့်သည့် **“အဓိကကျင့်ဝတ်”**ပင် ဖြစ်ပါသည်။ ထိုလေးချက်သည် ဆိုကောင်းရုံ၊ သိရုံသက်သက် မဟုတ်ပါ။ ဘဝတစ်လျှောက် ကျင့်ကြံအားထုတ် (Learning to do) ရမည့် အချက်များဖြစ်ပါသည်။

တစ်သင်းတည်းသာ ကောင်းနေ၍လည်း မရပါ။ အသင်း ငါးသင်းစလုံး ကောင်းပါမှ ဖြစ်ပေမည်။ တစ်ဦးချင်း အရည်အသွေး မြင့်မားမှုမှသည် အတန်း၊ ကျောင်းနှင့် နောက်ဆုံးတွင် တိုင်းပြည် ကောင်းမည် ဟူသည့် အသိနှင့် အကျင့်တရားများ ကျောင်းသားအားလုံး၏ ဦးနှောက်ထဲတွင် စွဲသွားစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ ထို့အတူ စုပေါင်းညီညွတ်မှုဖြင့် ကစားရသည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောမှသည် ပြေးခုန်ပစ်အထိ အတန်းဂုဏ်၊ အသင်းဂုဏ်၊ ကျောင်းဂုဏ်မှသည် ဘုံရည်မှန်းချက်ဖြစ်သည့် နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်သည်အထိ စည်းလုံးမှုအင်အားဖြင့် ဆောင်ရွက်တတ်စေရန် ကျောင်းကောင်စီဖြင့် လေ့ကျင့်ပေးနေပါသည်။ စည်းလုံးမှုဖြင့် ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှု၏အုတ်မြစ်လည်း ဖြစ်ပေသည်။

အထက်ပါ ကျောင်းတိုင်းတွင် ခေတ်အဆက်ဆက် တည်ရှိခဲ့သည့် လေ့ကျင့်မှုများကို ဆရာကြီး ဦးခင်သန်း၏စာအုပ်တွင် ပြဋ္ဌာန်းထားသည့် –

- ဒီမိုကရေစီဝါဒ တည်တံ့ခိုင်မြဲရေး၊
- ဒီမိုကရေစီနှင့် ကျောင်းတာဝန်၊
- မူလတန်းကျောင်းများတွင် ဒီမိုကရေစီစနစ် နေထိုင်မှု၊
- မူလတန်းစာသင်ခန်းတွင် ဒီမိုကရေစီ ကျင့်သုံးမှု၊
- ကျောင်းတွင်း ဒီမိုကရေစီ .................

စသည်တို့ဖြင့် ပေါင်းစပ်လေ့ကျင့်ပေးနိုင်လျှင် ပိုမိုလျင်မြန်ထိရောက်လိမ့်မည်ဟု မြင်မိပါသည်။

**ကိုယ်စိတ်နှလုံးအေးချမ်းမှ ဒီမိုကရေစီ ပြည့်ဝသည့်ဘဝ**

ယနေ့ ကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ်အကြောင်း လေ့ကျင့်ပေးမည်ဆိုလျှင် ပါဝင်သင့်သည့် ဆရာကြီး၏ ပြဋ္ဌာန်းစာအုပ်ပါ ဒီမိုကရေစီ အနှစ်သာရတချို့ကို ဆွေးနွေးတင်ပြလိုက်ပါသည်။

ဒီမိုကရေစီကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ **“ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေးနှင့်ဆိုင်သော ဝါဒသာမဟုတ်၊ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးကို ကျင့်သုံးရေးအတွက် ညွှန်ပြသော လမ်းစဉ်လည်းဖြစ်သည်။ အခြေခံသဘောအားဖြင့် ဒီမိုကရေစီဝါဒသည် လူတိုင်း လူတိုင်းတွင်ရှိသော ပကတိတန်ဖိုးကို လည်းကောင်း၊ ရခဲလှသော လူ့ဘဝ၏ မြင့်မြတ်ပုံကိုလည်းကောင်း ယုံကြည်လေးစားသော ဝါဒဖြစ်သည်။ လူတိုင်း လူတိုင်း၌ လူအဖြစ် နေထိုင်ခွင့်၊ လွတ်လပ်စွာ ပြုမူပြောဆိုနိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးကို လူတိုင်း လူတိုင်း ခံစားနိုင်အောင် လူတိုင်းဆောင်ရွက်ရန် လိုသည်”** ဟု ဆရာကြီးက ဖော်ပြထားပါသည်။

ဆိုလိုသည်မှာ လူသားတိုင်းသည် ကိုယ်၊ စိတ်၊ နှလုံး ငြိမ်းချမ်းသာယာဝပြောစွာ လူ့ဘဝကြီးတွင် နေထိုင်နိုင်သည့် အခွင့်အရေးသည် လူတစ်ယောက်အဖြစ် စတင်မွေးဖွားကတည်းက ပါလာကြောင်းနှင့် ထိုအခွင့်အရေးနှင့်အညီ ရှင်သန်နေထိုင်ခွင့်ရပါမှ ဒီမိုကရေစီပြည့်ဝသည့် လူမှုဘဝဟု ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။ ကိုယ်၊ စိတ်၊ နှလုံး မငြိမ်းချမ်းသည့် ဘဝနှင့် ယင်းကဲ့သို့ဖြစ်ရန် ဖန်တီးနေမှုများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ ဆန့်ကျင်ဘက်သာ ဖြစ်ကြောင်း ခံယူနိုင်သည်အထိ လေ့ကျင့်ပေးရပါလိမ့်မည်။

**ကျောင်းသည် ဒီမိုကရေစီပုခက်**

ဆရာကြီးက ဒီမိုကရေစီဆိုသည်မှာ အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးသမားများ၊ ဝန်ထမ်းများနှင့် နိုင်ငံရေးသမား၊ ပညာတတ်တွေလောက်သာ သိထားရမည့်အရာမဟုတ်ပါ။ နိုင်ငံသားတိုင်း သိ၊ ကျင့်၊ နေထိုင်ပြီး (လှည်းနေလှေအောင်း မြင်းစောင်း မကျန်) နေ့စဉ် လူနေမှုဘဝမှာ ထိုအကျင့်ကို အသုံးချဖို့ဖြစ်ကြောင်းကို **“ဒီမိုကရေစီသည် သဘောတရားသက်သက်မဟုတ်၊ နေ့စဉ်နှင့်အမျှ ကျင့်သုံးဆောင်ရွက်ရမည့် ကျင့်စဉ်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုလျှင် ဒီမိုကရေစီသည် လူအများ သင့်မြတ်စွာ စုပေါင်း၍ သင့်မြတ်စွာ စုပေါင်းနေထိုင် လုပ်ကိုင်နိုင်ရေးအတွက် နေထိုင်မှုစနစ် တစ်ရပ်ဖြစ်သည်”** ဟု ဖော်ပြထားပါသည်။

ထို့အပြင် ဆရာကြီးက **“ကျောင်းကို ဒီမိုကရေစီပုခက်ဟု ပြောစမှတ်ပြုကြသည်။ ကလေးများ ကျောင်းထွက်လျှင် လောကသားအနေဖြင့် တာဝန်ထမ်းဆောင်ကြသည်ဖြစ်ရာ ဒီမိုကရေစီကို ကလေးများ၏ အိမ်နှင့် ကျောင်းတွင် မျိုးစေ့ချပေး၍ ကလေး၏ ပတ်ဝန်းကျင်သည်လည်း ဒီမိုကရေစီရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်စေရမည်။ ကျောင်းတွင် ကလေးများ၏ နေ့စဉ် အတွေ့အကြုံများသည် သဘာဝကျသော ဒီမိုကရေစီ နေထိုင်မှုအတွေ့အကြုံများဖြစ်ရမည်”** ဆိုပြီး ပညာရေးက ကျောင်းများတွင် လေ့ကျင့်ပေးနေခြင်းများအားလုံးသည် ကလေးများ၏အနာဂတ်တွင် သူတို့နေထိုင်ကြရမည့် လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေရှိမည့် အရည်အသွေးများကို တပ်ဆင်ပေးနေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ မျှော်မှန်းသည့် အနာဂတ် မြန်မာ့ဒီမိုကရေစီ လူ့ဘောင်အတွက် စာမျက်နှာ ၁၀ သို့ ○

**ကျွန်တော်တို့သည် ဒီမိုကရေစီယဉ်ကျေးမှုကို ယနေ့ မြန်မာ့ကလေးများ ယဉ်ပါးနေအောင် ဖြည့်ဆည်းပေးရန် လိုပါပြီ။ မဖြစ်မနေ လေ့ကျင့်ပေးပါမှ ပညာရေးသည် တာဝန်ကျေသည့်ဘဝ ရောက်မှာပါ။ ထို့ကြောင့် ယနေ့အချိန်သည် ကလေးများကို ဒီမိုကရေစီအလေ့အထ ခိုင်မြဲအောင်နှင့် နောင်အခါ မြန်မာ့သမိုင်းတွင် “ဒီမိုကရေစီကျင့်စဉ်အစ စာသင်ကျောင်းက” ဟူသော ကမ္ပည်းမော်ကွန်းထိုးနိုင်ရန်အတွက် အချိန်အခါကောင်းဖြစ်ပါသည်။**



စာသင်ကျောင်းများတွင် ဒီမိုကရေစီမျိုးစေ့ချပေးရမည့်အစား အကြမ်းဖက်အုပ်စုများက မိုင်းထောင်ဖောက်ခွဲလျက်ရှိရာ ဖလမ်းမြို့နယ် ကျင်မွှာရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၆-၅-၂၀၂၁ ရက်နေ့က လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။

# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိအထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်၌ ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ အထင်ကရ နေရာများဖြစ်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ အမျိုးသားပြတိုက်နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်လေ့လာကြသည်။

ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် နော်ကြူကြူသန်းက "အခုလိုလေ့လာရေးခရီးစဉ်တွေ သွားရတဲ့အတွက် ကလေးတွေဝမ်းသာကြပါတယ်။ အမျိုးသားပြတိုက်ကို ရောက်ရှိခြင်းအားဖြင့်လည်း ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေနဲ့ ရှေးဟောင်းအမွေအနှစ်တွေကို လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ တိုးပွားရပါတယ်" ဟု ပြောသည်။

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦးနှင့် ရခိုင်ပြည်နယ်မှ ၃၅ ဦး ပါဝင်ကြောင်းသိရပြီး လေ့လာရေးခရီးစဉ် ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော်ဗုဒ္ဓဂယာ၊ ရေပန်းဥယျာဉ်၊ ကျောက်မျက်ရတနာပြတိုက်၊ လွှတ်တော်အဆောက်အအုံနှင့် Junction Centre တို့သို့ သွားရောက် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်







**နေပြည်တော် ဖေဖော်ဝါရီ ၆**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာလမ်းဆုံများတွင် ဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏အလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်း တစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိထားကာ တိုင်းရင်းသား ရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိမှုများဖြင့် အလှဆင်ထားရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့တော်ခန်းမတွင် မီးအလှထွန်းညှိထားခြင်းနှင့် မြို့တော်ခန်းမရှေ့တွင် "(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ"ပါ ဘုတ်ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံမီးအလှများ ထွန်းညှိပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံမီးအလှများ ထွန်းညှိပြင်ဆင်ထားခြင်းနှင့် အလံများဂုဏ်ပြုစိုက်ထူထားခြင်းနှင့် "(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုပါသည်" စာတန်းပါဘုတ်များဖြင့် ဂုဏ်ပြုစိုက်ထူထားခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ဒဂုံမြို့နယ်ရှိ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီအဝိုင်း တို့တွင်လည်း မီးအလှများထွန်းညှိထားခြင်းနှင့် အလံများ ဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင်ဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် မန္တလေးမြို့အပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၉ မှ

ကလေးများကို ယနေ့ ကျောင်းများက ဒီမိုကရေစီ၏ **"စံ"**၊ **"အကျင့်"**၊ **"နေထိုင်မှုဘဝ"** များကို ကျောင်းမှာနေရင်း မဖြစ်မနေလေ့ကျင့်ပေးရမည် ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

**ဒီမိုကရေစီ လေ့ကျင့်မှုအစ သူငယ်တန်းက**

ဆက်လက်၍ ဆရာကြီးက ဒီမိုကရေစီအလေ့အကျင့်ကို အထုံပါရမီဖြစ်အောင် ကျောင်းများတွင် ပြင်ဆင်လေ့ကျင့်ပေးမည်ဆိုလျှင် ဘယ်အတန်းက စပြီး ကျောင်းများတွင် သင်ရမှာလည်းဆိုသည်နှင့် ပတ်သက်၍ **"ဒီမိုကရေစီ လက်တွေ့ကျင့်သုံးစေမှုကို ကလေးကျောင်းသို့ စတင်ရောက်လာသော ပထမနှစ်၌ပင် အစပြုသင့်သည်။ ကလေးတို့သည် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်၊ လွတ်လပ်စွာ ဝေဖန်ခွင့်နှင့် အစုလိုက်ဆုံးဖြတ်ခွင့်ရသော လုပ်ငန်းတို့တွင် ပါဝင်လိုသော ဆန္ဒရှိကြသည်။ တစ်တန်းလုံးပါဝင်လုပ်ဆောင်ရသော သန့်ရှင်းရေး၊ စာသင်ခန်းပစ္စည်းများ ထိန်းသိမ်းရေး၊ စာသင်ခန်း တံခါးဖွင့်ပိတ်ခြင်း စသည်တို့ဖြစ်သည်"** ဆိုပြီး ကလေးအရွယ်နှင့် လိုက်မည့် ဒီမိုကရေစီလူမှုဘဝကို ကျောင်းကိုစတင်ဝင်ရောက်သည့် အတန်းဖြစ်သည့် သူငယ်တန်း (ယနေ့ Grade-I) မှစတင်၍ လေ့ကျင့်သွားရန်လိုကြောင်းကို ညွှန်ပြခဲ့ပါသည်။

နောင်အတန်းကြီးလာလျှင် သည့်ထက်မြင့်မားသော ဒီမိုကရေစီအလေ့အကျင့်များဖြစ်သည့် အသင်းအဖွဲ့များ (ပန်းချီအနုပညာအသင်း၊ ကြက်ခြေနီအသင်း၊ စိုက်ပျိုးရေးအသင်း၊ ဂီတအနုပညာအသင်း၊ အားကစားအသင်း၊ သိပ္ပံအသင်း၊ အိမ်တွင်းမှုသိပ္ပံအသင်း စသည်ဖြင့်)တွင် ပါဝင်လှုပ်ရှားခြင်း၊ ကျောင်းကောင်စီတွင် ကိုယ်စားလှယ်အဖြစ်အရွေးခံခြင်းနှင့် ကိုယ်စားလှယ်များကို မဲပေးခြင်းတို့ကို လုပ်ဆောင်ကြရမည်ဟု ပြဋ္ဌာန်းစာအုပ်တွင် ရေးသားထားပါသည်။

**ဒီမိုကရေစီကျောင်း၏ လေ့ကျင့်ပေးမှု**

ဆရာကြီးက "အချုပ်အားဖြင့် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားစေရန် လေ့ကျင့်သင်ကြားပေးနေသည့် **"ဒီမိုကရေစီကျောင်း"** သည် -

(၁) ဒီမိုကရေစီ၏ မွန်မြတ်ချက်များနှင့် တန်ဖိုးကို နားလည်စေရန်၊
(၂) လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန်နှင့် ဂုဏ်ကို ပိုမိုထင်ရှားစေရန်၊
(၃) ပြည်ထောင်စုနှင့် ပြည်ထောင်စုသူ ပြည်ထောင်စုသားတို့၏ အကြောင်းကို နားလည်စေရန်၊
(၄) လူ၏အင်အားနှင့် သဘာဝအင်အားစုကို ထိန်းသိမ်းပေးရန်၊
(၅) လွတ်လပ်သောကမ္ဘာတွင် ပိုမိုကောင်းမွန်သော ပြည်သူ ပြည်သားများ ဖြစ်လာရန်၊
(၆) ဒီမိုကရေစီ၏ရင်ဆိုင်ရမည့်ပြဿနာများကို ပိုမိုနားလည်ရန် ၊
(၇) ဒီမိုကရေစီသည် ပြုပြင်ဖန်တီးပေးသော လုပ်ငန်းစဉ်ဖြစ်ကြောင်း သိနားလည်ရန်၊
(၈) အမျိုးသားတိုးပွားရေး (နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟုဆိုလိုတာ ထင်ပါသည်)တွင် လူတိုင်းပါဝင်ဆောင်ရွက်ရမည်ကို ကလေးများအားလုံး သဘောပေါက်စေရန် လေ့ကျင့်ပေးနေခြင်းဟု ကျောင်းများတွင် ဒီမိုကရေစီလေ့ကျင့်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။

သူတို့ ပါလီမန်ဒီမိုကရေစီခေတ်အတွက် နိုင်ငံသားများတွင်ရှိကိုရှိရမည့် ဒီမိုကရေစီ အလေ့အကျင့်ကို မြန်မာ့ပညာရေးက တာဝန်ကျေစွာ ကျောင်းများတွင် လေ့ကျင့်ပေးခဲ့ကြောင်း ဆရာကြီး ဦးခင်သန်း၏ ပြဋ္ဌာန်းစာအုပ်က သက်သေပြနေပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့သည် ဒီမိုကရေစီယဉ်ကျေးမှုကို ယနေ့မြန်မာ့ကလေးများ ယဉ်ပါးနေအောင် ဖြည့်ဆည်းပေးရန်လိုပါပြီ။ မဖြစ်မနေ လေ့ကျင့်ပေးပါမှ ပညာရေးသည် တာဝန်ကျေသည့်ဘဝရောက်မှာပါ။ ထို့ကြောင့် ယနေ့အချိန်သည် ကလေးများကို ဒီမိုကရေစီအလေ့အထ ခိုင်မြဲအောင်နှင့် နောင်အခါ မြန်မာ့သမိုင်းတွင် **"ဒီမိုကရေစီကျင့်စဉ်အစ စာသင်ကျောင်းက"** ဟူသော ကမ္ပည်းမော်ကွန်း ထိုးနိုင်ရန်အတွက် အချိန်အခါကောင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် ပညာရေးက **"အနာဂတ် ဒီမိုကရေစီ မြန်မာ့လူ့အဖွဲ့အစည်း၏ ခိုင်မာသည့် အုတ်မြစ်"** ကို ချပေးရမည့်အချိန်ဟု မြင်မိပါသည်။ အဲဒီအခါကျရင် ကျောင်းများတွင် ရေးထားသော လက်ရှိ ဆောင်ပုဒ်ဖြစ်သည့် **"အမျိုးသား စည်းကမ်းအစ၊ စာသင်ကျောင်းက"** ဆိုခြင်းသည်လည်း ဒီမိုကရေစီ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သောကြောင့် အကောင်အထည်ဖော်ပြီးသား ဖြစ်ပါသည်။

ကျောင်းများတွင် ကျောင်းကောင်စီလောက်သာ ဖွဲ့စည်းပြီး အသင်းခေါင်းဆောင် ရွေးချယ်တတ်ရုံဖြင့်တော့ ဒီမိုကရေစီအရည်အသွေး မျိုးဆက်သစ်များဆီမှာ မပြည့်စုံနိုင်သေးပါ။ ဆရာကြီး ဦးခင်သန်း၏ ပြဋ္ဌာန်းစာအုပ်ကဲ့သို့ ယနေ့ခေတ်နှင့်လျော်ညီသည့် (ပုံတူကူးချရန် မဟုတ်ပါ) ဒီမိုကရေစီကျင့်စဉ်နှင့်ဆိုင်သော စာတွေ့နှင့်လက်တွေ့ ပိုမိုများသော သင်ခန်းစာများကိုပါပြဋ္ဌာန်းပြီး ထပ်ဆောင်း လေ့ကျင့်သင်ကြားပေးနိုင်မှသာ ထိုကျောင်းကို **"ဒီမိုကရေစီကျောင်း"** ဟု ခေါ်ဆိုနိုင်သကဲ့သို့ ဒီမိုကရေစီယဉ်ကျေးမှုမှာ ပျော်မွေ့သည့် နိုင်ငံသားများ ပေါ်ထွန်းလာကြပါလိမ့်မည်။

ဒီမိုကရေစီ ဓလေ့ထုံမွမ်းနေသည့် "ဒီမိုကရေစီကျောင်းထွက်" များကသာ အောင်မြင်သည့် မြန်မာ့ဒီမိုကရေစီလူ့အဖွဲ့အစည်းကို မြတ်နိုးစွာ တည်ဆောက်နိုင်ကြမှာပါ။ အဆိုပါဘဝမျိုးရောက်ဖို့ကတော့ ယနေ့ပညာရေးကဏ္ဍတွင် တာဝန်ရှိသူများသည် ကိုယ့်ပခုံးပေါ်ကျရောက်လာသည့် သမိုင်းပေးတာဝန်ကို မဖြစ်မနေကျေပွန်စွာ ထမ်းဆောင်ရပါလိမ့်မည်ဟု မြင်မိပါသည်။

သို့မှသာ ကျောင်းက အစပျိုးခဲ့သည့် **"ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ"** အဖြစ် ပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကျမ်းကိုး။** ။ (၁) **ဦးခင်သန်း(၂၀၁၃) လူမှုရေးရာ သင်ပြမှု (တတိယအကြိမ်)**
(၂) **Bhaskaracharyulu (2011) Education and Society**

# ဂျပန်နိုင်ငံက မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုနှင့်စပ်လျဉ်းသည့် ကုလလုံခြုံရေးကောင်စီအစည်းအဝေးရလဒ်အပေါ် စိတ်မကောင်းဖြစ်မိဟုဆို

**တိုကျို ဖေဖော်ဝါရီ ၆**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုနှင့်စပ်လျဉ်း၍ ယနေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၏ ရလဒ်အပေါ် စိတ်မကောင်းဖြစ်မိကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက အဆိုပါမြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအနေဖြင့် ရှင်းရှင်းလင်းလင်းရပ်တည်ပေးရန် ဂျပန်နိုင်ငံက အယူခံဝင်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းကိစ္စသည် အောင်မြင်မှုရရှိရန် နောက်ထပ်တစ်ကြိမ် ပျက်ကွက်ခဲ့ရပြီဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီး အိရှိကာနိကီမိဟိရိုက သတင်းထောက်များအား ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏လုပ်ရပ်သည် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း ဂျပန်နိုင်ငံက အခြားသော နိုင်ငံများအား ဂရုတစိုက်ရှင်းပြခဲ့ကြောင်းလည်း ဂျပန်သံအမတ်ကြီး အိရှိကာနိကီမိဟိရိုက ဆက်လက်ပြောကြားသည်။ ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားကိစ္စနှင့်စပ်လျဉ်းသည့် ကြိုးပမ်းမှုများကို သက်ဆိုင်ရာနိုင်ငံများနှင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အိရှိကာနိကီမိဟိရိုက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**



# ရုရှားနိုင်ငံ၌ နေ့စဉ် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ စံချိန်တင်ဖြစ်ပွား

**မော်စကို ဖေဖော်ဝါရီ ၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၀၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နေ့စဉ် ကူးစက်မှုစံချိန်တင်ခဲ့ကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၈၁၀၁၁၈ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၆၆၁ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၃၅၄၁၄ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၉၅၈၃ ဦး ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၅၆၉၂၇၁ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်ပွားသည့်ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၈၅၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၄၉၅၈၉၁ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ နိုင်ငံသား ၈၅ သန်းကျော်သည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် သန်း ၈၀ ကျော်သည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# နျူကလီးယားဆွေးနွေးပွဲများအတွင်း အပြုသဘောဆောင်သော ဆောင်ရွက်ချက်များပြသရန် အီရန်က အမေရိကန်အား တိုက်တွန်း

**တီဟီရန် ဖေဖော်ဝါရီ ၆**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ လက်ရှိကျင်းပနေသော နျူကလီးယားဆွေးနွေးပွဲများအတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ဆောင်ရွက်ချက်များကို ပြသရန် အမေရိကန်အား အီရန်နိုင်ငံခြားရေးဝန်ကြီး အဒိုလာဟင်က တိုက်တွန်းပြောကြားသည်။

အမေရိကန်သည် လက်ရှိအချိန်တွင် အီရန်အပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှု အချို့ကိုသာ ရုပ်သိမ်းခြင်းပြုလုပ်ခဲ့သည်ကို တွေ့ရှိရပြီး အဆိုပါဆောင်ရွက်ချက်များသည် အီရန်နိုင်ငံအတွက် လုံလောက်မှုမရှိကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ယခုကျင်းပနေသော နျူကလီးယားဆွေးနွေးပွဲ၌ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုဖြေလျှော့ခြင်းအချို့ကို နှစ်ဖက်အကြားရရှိခဲ့သော်လည်း ၎င်းအချက်များကို လိုက်နာစောင့်ထိန်းရန် ကတိကဝတ်မှာလည်း အရေးကြီးကြောင်း အဒိုလာဟင်က ပြောကြားသည်။

အီရန်သည် ငြိမ်းချမ်းရေးကို အခြေခံသည့် နျူကလီးယားဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တရားဝင်အခွင့်အရေးရှိပြီး ၎င်းအခွင့်အရေးကို မည်သည့်သဘောတူညီချက်နှင့်မျှ ကန့်သတ်၍မရကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး အလီရှန်ခါနီက ပြောကြားသည်။

အမေရိကန်သည် အီရန်အပေါ် ၎င်းချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများအားလုံးကို ခြွင်းချက်မရှိရုပ်သိမ်းသွားရန်လိုအပ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆာအိခါ တီဇာဒက်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၁၂ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၁၂ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၄၁၀၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခုနစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**သေဆုံးသူပေါင်း ၃၈၃၂၄ ဦးရှိ**

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၁၉၇၁ ဦးရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၈၃၂၄ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၂၁၁၂၇၁၅ ဦးရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၈၂ ဒသမ ၂ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးများအနက် ၂၈ ဒသမ ၈ သန်းအား တတိယအကြိမ်အပိုဆောင်းထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော်ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၄၇၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၂၁၈၈၀၃၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**သေဆုံးသူ ၈၆၅ ဦး ထပ်တိုးလာ**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၈၆၅ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၀၁၉၇၉ ဦး ရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၁၂၂၅၀၁၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၁၃၂၄၆ ဦးရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၀၄၆၁၁၄၈ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်အား တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ပြုရန် မျှော်လင့်ကြောင်း ကုလအကြီးအကဲပြောကြား



**ဂျီနီဗာ ဖေဖော်ဝါရီ ၆**

တရုတ်နိုင်ငံ၏ ရှင်ကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် လာရောက်လည်ပတ်ခွင့်ပြုရန် မျှော်လင့်ပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တရုတ်ထိပ်တန်းခေါင်းဆောင်များအား ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၄ ရက်တွင် ပေကျင်းမြို့၌ စတင်ကျင်းပသည့် အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ရန် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အမေရိကန်၊ ဗြိတိန်နှင့် အခြားသောနိုင်ငံအများအပြားသည် တရုတ်နိုင်ငံ၏ ရှင်ကျန်းဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖြစ်ပေါ်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသို့ သံတမန်ရေးဆိုင်ရာ သပိတ်မှောက်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် အိုလံပစ်အားကစားပြိုင်ပွဲသို့ မည်သည့်အစိုးရကိုယ်စားလှယ်ကိုမျှ စေလွှတ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူကမူ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးမစ်ချယ်ဘတ်ချ်လက်အား တရုတ်နိုင်ငံက ဖိတ်ကြားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ပြီးခဲ့သည့်လနှောင်းပိုင်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ရှင်ကျန်းခရီးစဉ်အား ကြိုဆိုပါကြောင်း ပြောကြားခဲ့ပြီး ခရီးစဉ်၏ ရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် ကိစ္စရပ်အသီးသီးကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းရာတွင် ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြု ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှိဒါတို့ ယခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးစဉ်။

# ယူကရိန်းအား ကျူးကျော်လာပါက ရုရှားကို စီးပွားရေးပိတ်ဆို့မှုပြုလုပ်ရန် ဂျပန်အား အမေရိကန် တိုက်တွန်း

**တိုကျို ဖေဖော်ဝါရီ ၆**

ရုရှားတပ်ဖွဲ့ဝင်များ ယူကရိန်းနိုင်ငံသို့ ကျူးကျော်လာပါက ရုရှားနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ရေးစဉ်းစားဆောင်ရွက်ရန် ဂျပန်နိုင်ငံအား အမေရိကန်က တိုက်တွန်းခဲ့ကြောင်း သံတမန်ရေးဆိုင်ရာ သတင်းရင်းမြစ်များက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၏ တောင်းဆိုမှုကို ဂျပန်နိုင်ငံက ရွှေ့ဆိုင်းထားပြီး ကာလရှည်ကြာဖြစ်ပွားနေသည့် နယ်မြေအငြင်းပွားမှုအပါအဝင် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး ပြဿနာများအပေါ် ဂျပန်နိုင်ငံက စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သံတမန်ရေးဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

ယူကရိန်းနယ်စပ်တစ်လျှောက် ရုရှားစစ်ဘက်က တပ်ဖွဲ့ဝင်အများအပြား တပ်ဖြန့်ချထားခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် ကျူးကျော်မှုများကြောင့် တင်းမာမှုများမြင့်တက်နေစဉ် ဂျပန်နှင့်အခြားနိုင်ငံများက ယူကရိန်းအား ရုရှားမကျူးကျော်ရေး ဖိအားပေးဆန့်ကျင်ရန် အမေရိကန်နိုင်ငံက မျှော်လင့်ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ၎င်း၏ဥရောပမဟာမိတ်များကလည်း ရုရှားတပ်ဖွဲ့ဝင်များ ယူကရိန်းသို့ ကျူးကျော်ဝင်ရောက်ပါက စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများအပါအဝင် ပြင်းထန်သည့် အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ရုရှားနိုင်ငံအား သတိပေးထားကြောင်း သိရသည်။

**ကိုးကား- ကျိုဒိုနယူးစ်**
**ဘာသာပြန်- အလင်းသစ်**

# အီရန်နှင့် ဆော်ဒီတို့အကြား ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အီရတ်၏ကြိုးပမ်းမှုအား ချီးကျူးကြောင်း အီရန်သမ္မတရိုင်စီပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၆**

အီရန်နှင့် ဆော်ဒီနိုင်ငံတို့အကြား ဆွေးနွေးပွဲများ ဖြစ်လာစေရန် အီရတ်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ချီးကျူးဂုဏ်ပြုကြောင်း အီရတ်ဝန်ကြီးချုပ်အယ်လ်ခါဟီမီနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးမှုအတွင်း အီရန်သမ္မတ အီဘရာဟင်ရိုင်စီက ပြောကြားသည်။

အီရတ်နိုင်ငံ၌ စည်းလုံးညီညွတ်ပြီး ခိုင်မာတောင့်တင်းသည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရန် အီရန်က အစဉ်အမြဲ ကူညီဆောင်ရွက်နေကြောင်းလည်း ၎င်းကပြောကြားသည်။

ဒေသတွင်းအရေးကိစ္စများကို ဖြေရှင်းရာ၌ ဒေသတွင်းရှိ အင်အားကြီးနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်း မရှိမှသာလျှင် ဖြေရှင်းသွားနိုင်မည်ဖြစ်ကြောင်းနှင့် ဆော်ဒီသည် အီရန်နိုင်ငံအား အပြန်အလှန်လေးစား ယုံကြည်မှုထားရှိပါက အီရန်ဘက်မှလည်း ညှိနှိုင်းဆွေးနွေးရန် အဆင်သင့်ရှိနေပါကြောင်း သမ္မတရိုင်စီက ထပ်လောင်းပြောကြားသည်။

ဒေသတွင်းအရေးကိစ္စရပ်များ၌ ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းနှင့် အီရန်-အီရတ်ဆက်ဆံရေးကိုလည်း တိုးမြှင့်သွားရန်ရည်ရွယ်ထားကြောင်း ရိုင်စီနှင့် ဆွေးနွေးစဉ် အီရတ်ဝန်ကြီးချုပ် အယ်လ်ခါဟီမီက အပြန်အလှန်ပြောကြားသည်။

ယခုအီရန်သမ္မတရိုင်စီနှင့် အီရတ်ဝန်ကြီးချုပ် အယ်လ်ခါဟီမီတို့၏ ဆွေးနွေးမှုများသည် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖော့စ်ဟူစိန်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အဒိုလာဟင်တို့အကြား ဘဂ္ဂဒက်မြို့၌ ငါးကြိမ်မြောက် ဆွေးနွေးခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၈၇၁၅ ဦး ထပ်မံတွေ့ရှိ



**အန်ကာရာ ဖေဖော်ဝါရီ ၆**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၈၇၁၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၂၁၅၀၅၆၇ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၁ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၈၈၅၃၃ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၈၀၄၀၂ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေး အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လူဦးရေ ၅၇ ဒသမ ၄၈ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၅၂ ဒသမ ၅ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ တတိယအကြိမ် အပိုဆောင်းထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပါအဝင် ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၄၂ ဒသမ ၈၃ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ဗြိတိန်ဘုရင်မကြီး အဲလိဇဘက် နန်းတက်ခြင်း နှစ် ၇၀ ပြည့်ခဲ့ပြီ

**လန်ဒန် ဖေဖော်ဝါရီ ၆**

ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်၏ နန်းတက်ခဲ့သည့်ကာလသည် ယနေ့တွင် နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်သည် အသက် ၂၅ နှစ်အရွယ်ဖြစ်သည့် ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် စတင် နန်းတက်ခဲ့ခြင်းဖြစ်ပြီး အဲလိဇဘက်သည် ဗြိတိန်နိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး ဘုရင်မကြီးဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၏ စည်းလုံးညီညွတ်မှု သင်္ကေတအဖြစ် ဘုရင်မကြီး အဲလိဇဘက်သည် ဗြိတိန်ဓနသဟာရနိုင်ငံများအတွင်း ရော ပြင်ပနိုင်ငံများကိုပါ အလည်အပတ် ခရီးသွားရောက်ခဲ့ကြောင်း သိရသည်။ ၁၉၇၅ ခုနှစ်တွင်မူ အဲလိဇဘက်သည် ဂျပန်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ပြီး ဂျပန်ဧကရာဇ်မိသားစုနှင့် ၎င်း၏ ဆက်ဆံရေးကို နက်ရှိုင်းမှုရှိကြောင်း ပြသခဲ့သည်။

ထို့ပြင် ဘုရင်မကြီး အဲလိဇဘက်သည် မကြာသေးသည့် နှစ်များအတွင်းက တော်ဝင်မိသားစုများကို အများသူငှာ ပိုမိုသိရှိနိုင်စေရန်အတွက် လူမှုမီဒီယာကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။ ဘုရင်မကြီး အဲလိဇဘက်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားနေစဉ် ကာလအတွင်း လူ့အဖွဲ့အစည်းများအကြား စိုးရိမ်ပူပန်မှုများ ကြီးထွားလာခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို အွန်လိုင်းမှတစ်ဆင့် အားပေးစကားပြောဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်သူများအနေဖြင့် စည်းလုံးညီညွတ်မှုရှိရန်လည်း ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဘက်ကင်ဟမ်တက္ကသိုလ်၏ သမိုင်း ပါမောက္ခဂျိမ်းရစ်ဒလီကမူ ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်သည် ဗြိတိန်နိုင်ငံသားများအတွက် အရေးပါသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။



ထို့ပြင် တော်ဝင်မိသားစုသည် ခေတ်သစ်တစ်ခုအတွက် အံဝင်ခွင်ကျ ဖြစ်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်းလည်း ဘက်ကင်ဟမ်တက္ကသိုလ်၏ သမိုင်းပါမောက္ခ ဂျိမ်းရစ်ဒလီက မှတ်ချက်ပြုပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# လစ်ဗျားနိုင်ငံ၏ နေ့စဉ်ရေနံထုတ်လုပ်မှု တစ်ရက်လျှင် ရေနံစည်ပေါင်း တစ်သိန်းအထိ ကျဆင်းခဲ့

**ထရီပိုလီ ဖေဖော်ဝါရီ ၆**

လစ်ဗျားနိုင်ငံ၏ နေ့စဉ် ရေနံထုတ်လုပ်မှုသည် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးသွားခဲ့သည့် ရေနံသိုလှောင်ကန်များကို ပြုပြင်ထိန်းသိမ်းရန် မတတ်နိုင်သည့်အတွက် တစ်ရက်လျှင် ရေနံစည်ပေါင်း တစ်သိန်းအထိ ထုတ်လုပ်မှုကျဆင်းခဲ့ရကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ဖေဖော်ဝါရီ ၄ ရက်တွင် ကြေညာခဲ့သည်။



လစ်ဗျားနိုင်ငံ၌ အရေးပေါ်စီမံကိန်းတချို့ ဖျက်ဆီးခံခဲ့ရခြင်း အပါအဝင် စစ်ပွဲကြောင့် ပျက်စီးသွားခဲ့သည့် ရေနံသိုလှောင်ကန်များကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ဆောင်ရန် မတတ်နိုင်သည့် ရလဒ်ကြောင့် နေ့စဉ် ရေနံထုတ်လုပ်မှု ကျဆင်းရခြင်းအပေါ် အလွန်အမင်း စိုးရိမ်မိကြောင်းလည်း လစ်ဗျားနိုင်ငံပိုင် အမျိုးသား ရေနံကော်ပိုရေးရှင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် လစ်ဗျားနိုင်ငံပိုင် ရေနံသိုလှောင်ကန် ၁၉ ခုရှိသည့်အနက် ၁၁ ခုသည် လုပ်ငန်းလည်ပတ်ရာတွင် အသုံးမပြုနိုင်ခြင်းကြောင့် ရေနံထုတ်လုပ်မှုကို တိုးမြှင့်လုပ်ဆောင်ရန် မဖြစ်နိုင်သေးကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသား ရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ မူစတာဖာဆာနယ်လာက ပြောကြားသည်။

ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ရေးနှင့် စူးစမ်းလေ့လာရေးတို့ကို လုပ်ဆောင်လျက်ရှိသည့် ထရီပိုလီအခြေစိုက် ဝါဟာကုမ္ပဏီကလည်း ဆာတီပင်လယ်ကွေ့ရှိ ရေနံဆိပ်ကမ်းများတွင် ရေကြောင်းသွားလာမှု ရပ်ဆိုင်းထားသဖြင့် ရေနံသိုလှောင်နိုင်မည့် အနေအထား မရှိတော့သည့်အတွက် ၎င်း၏ နေ့စဉ် ရေနံထုတ်လုပ်မှုကို တစ်ရက်လျှင် ရေနံစည်ပေါင်း တစ်သိန်းအထိ လျှော့ချရန် စီစဉ်လျက်ရှိကြောင်း ဆာနယ်လာက ပြောကြားသည်။ ဆာတီပင်လယ်ကွေ့အတွင်းရှိ ရေနံဆိပ်ကမ်းအများစုအား ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ပိတ်ထားခဲ့ရခြင်းဖြစ်ကြောင်းလည်း လစ်ဗျားနိုင်ငံပိုင် အမျိုးသား ရေနံကော်ပိုရေးရှင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကြီးကျယ်ခမ်းနားကြောင်း အီဂျစ်သတင်းစာများ ဂုဏ်ပြုရေးသား

**ကိုင်ရို ဖေဖော်ဝါရီ ၆**

တရုတ်နိုင်ငံတွင် ကျင်းပသည့် ပေကျင်းဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသည် အံ့သြဖွယ်ကြီးကျယ်ခမ်းနားပြီး တရုတ်နိုင်ငံ၏ လူမှုအဖွဲ့အစည်းနှင့် အားကစားအဆင့်အတန်းမြင့်မားမှုကို ထင်ဟပ်စေကြောင်း အီဂျစ်နိုင်ငံပိုင် အယ်လ်အာရန် သတင်းစာ၏ ခေါင်းကြီးပိုင်းသတင်းတွင် ဂုဏ်ပြုရေးသားခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပခဲ့သော အဆိုပါအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲ ၃၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ အီဂျစ်သမ္မတ အယ်လ်စီစီ တက်ရောက်ခဲ့ပြီး ၎င်း၏ အခမ်းအနားတက်ရောက်မှုသည် အီဂျစ်နှင့် တရုတ်အကြား နီးကပ်သောဆက်ဆံရေးကို ဖော်ပြနေကြောင်း အီဂျစ်နိုင်ငံ၏ ရုပ်သံဌာနဖြစ်သည့် နိုင်းလ်စပို့စ်ချန်နယ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ဆောင်းရာသီ အားကစားပြိုင်ပွဲများ ကျင်းပရန် သင့်တော်သော နေရာဖြစ်ကြောင်းလည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အကြီးအကဲ သောမတ်စ်ဘတ်ရှ်က ပြောသည်။

ယခုကျင်းပသည့် ၂၀၂၂ခုနှစ် ပေကျင်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲသည် ကမ္ဘာတစ်ဝန်းရှိဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲများအတွက် ရာစုသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း ယွန်-၇အမည်ရှိ အီဂျစ်သတင်းစာတစ်စောင်ကလည်း ချီးကျူးဂုဏ်ပြုခဲ့သည်။ ပေကျင်းဆောင်းရာသီ အိုလံပစ် အားကစားပွဲများတွင် နိုင်ငံနှင့်ဒေသပေါင်း ၉၁ ခုမှ အားကစားသမား ၂၉၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အဆိုပါ အခမ်းအနားသည် ပါဝင်တက်ရောက်သော နိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်သော စိတ်ဓာတ်ကို ထင်ဟပ်ဖော်ပြနေပြီး ၎င်းစိတ်ဓာတ်အား ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် သုံးစွဲမည့် ကမ္ဘာ့နိုင်ငံများ၏ စိတ်ဓာတ်ကိုလည်း ထင်ဟပ်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂါဘာရီယီးဆပ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သန်းကျော်ရှိလာ

**ဆိုးလ် ဖေဖော်ဝါရီ ၆**

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၉၁ ဦး ထပ်မံတွေ့ရှိရပြီး လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သန်းကျော်ရှိလာကြောင်း ယွန်ဟက်သတင်းအေဂျင်စီ၏ သတင်းတစ်ရပ်အရ သိရသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၉၆၈၈ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၆၈၇၃ ဦးရှိသည်။ နိုင်ငံအတွင်း ပထမဆုံး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်တွေ့ရှိခဲ့သည်။

ကနဦးအချိန်က တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများကို ရှာဖွေကုသခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်စေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှုများကို စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ခဲ့သဖြင့် ရောဂါကူးစက်မှုနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူအရေအတွက် ကျဆင်းခဲ့သော်လည်း လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းမျိုးရပ်စ်ကူးစက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာခဲ့သည်။ ထို့ကြောင့် လူစုလူဝေးပြုလုပ်ခြင်းအား ခြောက်ဦးအထိသာ ခွင့်ပြုခြင်းနှင့် လက်ရှိချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား လာမည့်သီတင်းနှစ်ပတ်အထိ အချိန်တိုးမြှင့်သတ်မှတ်ခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိ လူဦးရေ ၅၂ သန်း၏ ၈၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံပြီးစီးသူ ၅၄ ဒသမ ၅ ရာခိုင်နှုန်းကျော်ရှိသည်။ **ကိုးကား-စီဂျီတီအင်န်၊ ဘာသာပြန်-စိုးသူရ**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၉ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၆**

အာဖရိကတိုက်၌ ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၈၉၆၃၀၂ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများကို ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၁၁၂ ဦးရှိကြောင်းနှင့် ပြန်လည်ကျန်းမာလာသူပေါင်း ၉၉၁၇၇၅၇ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်တစ်ဝန်းတွင် အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ကာ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသသည် ကူးစက်မှု ဒုတိယအများဆုံးဖြစ်ပြီး အာဖရိကအလယ်ပိုင်းဒေသသည် ကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၉၄၆၃၆၄၇၆ | ဦး |
| သေဆုံးသူ | ၅၇၅၄၃၆၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၁၃၃၅၈၆၈၈ | ဦး |

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

○ ကျောဖုံးမှ

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဝင်းမနားကျေးရွာရှိ နယ်မြေခံရဲစခန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် NLD ပါတီ ထောက်ခံသူအစွန်းရောက်အကြမ်းဖက်သမားများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပါဝင်သော အင်အား ၁၅၀ ခန့်က ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ရေဦးမြို့နယ် တောင်ပြင်ငယ်ကျေးရွာသို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အဆိုပါကျေးရွာ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချနေထိုင်၍ ဒေသခံပြည်သူလူထုနှင့် ခရီးသွားများထံမှ အဓမ္မဆက်ကြေးတောင်းခံခြင်းများနှင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ယနေ့ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရှာဖွေတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူများသည် ကျေးရွာ၏ အနောက်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့်PDF အမည်ခံ အကြမ်းဖက်သမားများထံမှ ၎င်းတို့ အသုံးပြုခဲ့သည့် Skat အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်အတူ လက်လုပ်ပစ္စတို ငါးလက်၊ AK ကျည် အတောင့် ၇၀၀၀၊ ၉ မမကျည် အတောင့် ၅၀၊ AK ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံးမျိုးစုံ ၁၃ လုံး၊ ဒီတိုနေတာ ၁၂၀၊ ယမ်းမှုန့် ငါးပြည်၊ TNLA တံဆိပ်ပါ ပြောက်ကျားယူနီဖောင်း နှစ်စုံနှင့် လက်မောင်းတံဆိပ်မပါ ပြောက်ကျားယူနီဖောင်း ၁၀ စုံတို့ အပါအဝင် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။




ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာသို့ ရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားသည့် နေရာပြပုံ။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ပညာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျေးရွာများအတွင်း လူနေအိမ်များကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချနေထိုင်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကယားပြည်နယ်အတွင်း အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ခေတ္တတိမ်းရှောင်နေကြသည့် ပြည်သူများ စားရေးအဆင်ပြေစေရန် ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကယားပြည်နယ်အတွင်း အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် လွိုင်ကော်မြို့ပေါ်ရှိ ဥတ္တရာရုံဘုန်းတော်ကြီးကျောင်း၊ ဓမ္မဂုဏ်ရည်(မြကလပ်) ကျောင်းနှင့် မစိုးရိမ် ဘုန်းတော်ကြီးကျောင်းတို့တွင် ခေတ္တတိမ်းရှောင်နေကြသည့် ပြည်သူများနှင့် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များရှိ ပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် ယနေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စု တစ်စုလျှင် ဆန် နှစ်ပြည်နှင့် စားသောက်ဖွယ်ရာများကို ပြည်သူများ လက်ဝယ်သို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ ဖေဖော်ဝါရီ ၆**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခန့်က ကရင်ပြည်နယ် ဘားအံမြို့ ဘားအံဂေါက်ကလပ် မြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နံနက်ပိုင်းတွင် ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ကရင်ပြည်နယ်အတွင်းရှိ ဂေါက်သီးရိုက်အားကစားသမား ၇၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီခန့်က ဘားအံဂေါက်ကလပ်မြက်ခင်းပြင်၌ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ ဘားအံဂေါက်ကလပ်ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး သူရမြင့်သူက လိုင်းနှင့်အနီးဆုံးဆု၊ ကျင်းနှင့်အနီးဆုံးဆုရ အားကစားသမားများကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က အဝေးဆုံးရိုက်ချက်ဆု၊ ပါအများဆုံးဆု၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်က ဘာဒီအများဆုံးဆု၊ အကြိုးစားဆုံးဆု၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက သက်ကြီးတန်း တတိယနှင့် ဒုတိယဆု၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုက သက်ကြီးတန်း ပထမဆု၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးဦးစောခင်မောင်မြင့်က Handicap 19 to 24 အငယ်တန်းဆု တတိယနှင့် ဒုတိယ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမျိုးမင်းနောင်က Handicap 19 to 24 အငယ်တန်းဆု ပထမရရှိသည့်အားကစားသမားများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက Handicap 0 to 18 အကြီးတန်းဆု စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြာတန်းနှင့် သဲကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**အိမ်မဲ ဖေဖော်ဝါရီ ၆**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်ပြီးစီးသည့် ကြာတန်းနှင့် သဲကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါ ကျေးရွာများ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

**မိသားစုဝင်များနှင့်တွေ့ဆုံ**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ လျှပ်စစ်မီးခလုတ်နှိပ်ကာ ဖွင့်လှစ်ပြီး လျှပ်စစ်မီးရရှိသည့် နေအိမ်များမှ မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံခဲ့ကြပြီး လျှပ်စစ်မီးရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြာတန်းနှင့် သဲကုန်းကျေးရွာ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ကြာတန်းကျေးရွာရှိ အိမ်ထောင်စု ၁၃၀ စုနှင့် သဲကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၈၀ တို့အတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် အချိန်မရွေး လျှပ်စစ်မီးများ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ဆေးဝါးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ပြီး တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို အားပေး



**မြစ်ကြီးနား ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ယမန်နေ့ နံနက် ၉ နာရီတွင် သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ပြည်နယ် ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံ ကလေးဖျားနာကုသဆောင်၌ လူနာများအား ကျန်းမာရေးဝန်ထမ်းများ၏ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ကြပြီး ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**ပြောကြား**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနား လေဆိပ်တွင် နေပြည်တော်၌ ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲအား ပါဝင်ကြမည့် ပြည်နယ်ကိုယ်စားပြု ဂေါက်သီးရိုက်အသင်း၊ အလှပြဂုဏ်ပြုယာဉ်နှင့် ညစာစားပွဲများတွင် ပါဝင်ကြမည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက အဖွဲ့ဝင်များအား တွေ့ဆုံပြီး ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် ပြည်နယ်ကိုယ်စားပြု ပါဝင်ကြမည်ဖြစ်သည့်အတွက် အကောင်းဆုံးပါဝင်ဆင်နွှဲကြရေး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ်အတွင်း အများပြည်သူအပန်းဖြေအနားယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည့်နေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉အလွန်ကာလများတွင် အများပြည်သူစိတ်လက်အပန်းဖြေအနားယူရန်နှင့် လေကောင်းလေသန့်ရရှိပြီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်အဆင့်မြှင့်တင်ဆောင်ရွက်မည့်အခြေအနေများ၊ ပြည်သူများစိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေး၊ အရိပ်ရလေကာပင်များစိုက်ပျိုးကြရေး၊ ကမ်းနားလမ်းတစ်လျှောက်အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုးချဲ့သဲသောင်ပြင်ဘောလုံးကွင်းနေရာသို့ရောက်ရှိကာ ဘောလုံးကွင်းသန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ ဆိပ်ခံတံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်သည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်သည့်ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ဒေသထွက်ကုန်သီးနှံများ၊ အစားအသောက်များဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားပြည်သူများစွာ စိတ်ဝင်စားမှုရှိသည့်အပြင် တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ ရှေးဟောင်းသမိုင်းဝင်သာသနိကအဆောက်အအုံများစွာရှိသကဲ့သို့ အပန်းဖြေစရာနေရာများစွာရှိပြီး မြို့/ရွာအင်္ဂါရပ်အညီသန့်ရှင်းသာယာလှပစေရေးအတွက် ရေစီး၊ ရေလာကောင်းမွန်ရေး၊ အမှိုက်စွန့်ပစ်မှုစနစ်တကျရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးတို့အတွက်လည်း အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မန်းချောင်းရေလှောင်တမံမှ ဘုရားပွဲတော်ကာလတစ်လျှောက် ပုံမှန်ရေပေးဝေသွားမည်



**ငဖဲ ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံဆည်မှ ၂၀၂၁ ခုနှစ် မိုးစပါးများရိတ်သိမ်းချိန် ၂၀၂၁ ခုနှစ် နိုဝင်ဘာ၁၅ ရက်မှစ၍ ရေပေးဝေမှု ရပ်ဆိုင်းထားရာမှ ဖေဖော်ဝါရီ ၄ ရက်မှစ၍ ဆည်ရေ (200–ကုဗပေ/စက္ကန့်) စတင်ရေလွှတ်ပေးနေပြီဖြစ်သည်။

**ဘုရားပွဲတော်ကာလတစ်လျှောက်**

ဆည်ရေ (200–ကုဗပေ/စက္ကန့်) လွှတ်ပေးနေပြီဖြစ်ရာ မန်းရွှေစက်တော် မန်းချောင်းတစ်လျှောက် ရေအနည်းငယ်တိုးလာမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများနှင့် တည်းခိုဆောင်များ အဆင်ပြေစေရေးအတွက် ဘုရားပွဲတော်ကာလတစ်လျှောက် ပုံမှန်ရေပေးဝေသွားမည်ဖြစ်ကြောင်းနှင့် နွေသီးနှံများစိုက်ပျိုးရန်အတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**ဘက်စုံအကျိုးပြု**

ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံဆည်သည် ငဖဲမြို့နယ်နှင့် မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မိုးသီးနှံ၊ နွေသီးနှံနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် သာမက မန်းရွှေစက်တော်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ဘုရားဖူးပြည်သူများစိတ်အေးချမ်းသာစွာ အနားယူနိုင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက်ပါ ဘက်စုံအကျိုးပြုနေသော ဆည်တစ်ခုဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ယာဉ်လိုင်းနံပါတ်တူ ဂိတ်ရင်းဂိတ်ဖျားမတူသော ဝိုင်ဘီအက်စ်ယာဉ်လိုင်းများအား ပြည်ထောင်စုနေ့မှစတင်၍ ယာဉ်လိုင်းနံပါတ် ပြောင်းလဲပြေးဆွဲသွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့အတွင်းပြေးဆွဲနေသော YBS ယာဉ်လိုင်းများအနက် ယာဉ်လိုင်းနံပါတ်တူညီပြီး ပြေးဆွဲရာဂိတ်ရင်းဂိတ်ဖျားမတူညီသောယာဉ်လိုင်းများအား လာမည့် ဖေဖော်ဝါရီ ၁၂ ရက် (စိန်ရတုပြည်ထောင်စုနေ့)မှ စတင်ကာ ယာဉ်လိုင်းနံပါတ်များ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

**နံပါတ်ပြောင်းလဲပြေးဆွဲ**

"ယာဉ်လိုင်း ၁၅ လိုင်းမှာ နံပါတ်တူနဲ့ပြေးဆွဲနေတာ ယာဉ်လိုင်း ၃၈ လိုင်းရှိပါတယ်။ တချို့ယာဉ်လိုင်းတွေမှာက ယာဉ်လိုင်းနံပါတ်တစ်ခုတည်းမှာ ငါးလိုင်း၊ သုံးလိုင်း၊ နှစ်လိုင်း စသည်ဖြင့် ပြေးဆွဲနေတာဖြစ်လို့ နံပါတ်တွေထပ်နေပါတယ်။ ဥပမာပြောရရင် YBS(၃၇)ယာဉ်လိုင်းပေါ့။ ဆူးလေခြောက်ထပ်ရုံးကနေ ပြေးဆွဲရာမှာ ဂိတ်ဆုံးတဲ့နေရာက ငါးနေရာလောက်ဖြစ်နေတယ်။ ဝါယာလက်၊ မှော်ဘီ စသည်ဖြင့်ပေါ့။ အဲဒီလို ယာဉ်လိုင်းနံပါတ်တူပြီး လမ်းကြောင်းမတူတဲ့ကား မှားစီးမိတဲ့အခါ လိုရာခရီးမရောက်ဘဲ လွဲမှားမှုတွေ ဖြစ်ရပါတယ်။ အဲဒါကြောင့် ခရီးသွားပြည်သူတွေ အဆင်ပြေအောင် ယာဉ်လိုင်းနံပါတ်တွေ သီးခြားခွဲထုတ်ပြေးဆွဲတာဖြစ်ပါတယ်။ နံပါတ်ပြောင်းလဲပြေးဆွဲတာ စုစုပေါင်း ၂၃ လိုင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

ထိုသို့ပြောင်းလဲပြေးဆွဲရာတွင် ထောက်ကြန့်–ဆူးလေ(ခြောက်ထပ်ရုံး) ပြေးဆွဲနေသော YBS(၃၇) ယာဉ်လိုင်းအား YBS(၃၇)လိုင်းအဖြစ် ဆက်လက်ပြေးဆွဲမည်ဖြစ်ပြီး ဝါယာလက်–ဆူးလေ(ခြောက်ထပ်ရုံး)ပြေးဆွဲနေသည့် YBS(၃၇)ယာဉ်လိုင်းအား YBS (၁၀၄)ယာဉ်လိုင်းအဖြစ်လည်းကောင်း၊ မှော်ဘီ(TU)–ဆူးလေ(ခြောက်ထပ်ရုံး) ပြေးဆွဲနေသည့် YBS(၃၇) ယာဉ်လိုင်းအား YBS(၁၀၅)ယာဉ်လိုင်းအဖြစ်လည်းကောင်း၊ ဥက္ကံ–ဆူးလေ(ခြောက်ထပ်ရုံး) ပြေးဆွဲနေသည့် YBS(၃၇)ယာဉ်လိုင်းအား YBS(၁၀၆) ယာဉ်လိုင်းအဖြစ်လည်းကောင်း၊ လှည်းကူး–ဆူးလေ (ခြောက်ထပ်ရုံး)ပြေးဆွဲနေသည့် YBS(၃၇)ယာဉ်လိုင်းအား YBS(၁၀၇)ယာဉ်လိုင်းအဖြစ်လည်းကောင်း ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အခြားသောယာဉ်လိုင်းများဖြစ်သည့် ဒဂုံတက္ကသိုလ်– ဦးဝိစာရလမ်း(မ/ဒဂုံ)–ဆူးလေ YBS (၈၇)ယာဉ်လိုင်းအစား YBS(၁၀၈)၊ မှော်ဘီ(TU)–လှော်ကား(တာဆုံ)–သာကေတ YBS(၉၆)ယာဉ်လိုင်းအစား YBS(၁၀၉)၊ ယုဇနဥယျာဉ်မြို့တော်–သုဝဏ္ဏ–ဆူးလေ YBS(၃) ယာဉ်လိုင်းအစား YBS(၁၁၀)၊ ဒဂုံတောင် (ကျီစု)–ဆူးလေ YBS(၇) ယာဉ်လိုင်းအစား YBS(၁၁၁)၊ ဒဂုံတောင်(အနောက်ကျီစု)–ဆူးလေ YBS(၇) ယာဉ်လိုင်းအစား YBS(၁၁၂)၊ ငမိုးရိပ် (ကားကြီးဂိတ်)–ဆူးလေ YBS(၇) ယာဉ်လိုင်းအစား YBS(၁၁၃)၊ ဒဂုံအရှေ့(၁၀၈ ရပ်ကွက်)–ဆူးလေ YBS (၂၄) ယာဉ်လိုင်းအစား YBS(၁၁၄)၊ အောင်မင်္ဂလာအဝေးပြေး–ဆူးလေ YBS(၃၆)ယာဉ်လိုင်းအစား YBS(၁၁၅)၊ ထောက်ကြန့်မြို့ရှောင်လမ်း–ဆူးလေ YBS(၃၆) ယာဉ်လိုင်းအစား YBS(၁၁၆)၊ ဒဂုံတက္ကသိုလ်–ပြည်လမ်း–သခင်မြပန်းခြံ YBS(၃၀) ယာဉ်လိုင်းအစား YBS(၁၁၇)၊ စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)–ဘူတာကြီး YBS(၉၇) ယာဉ်လိုင်းအစား YBS(၁၁၈)၊ အောင်မင်္ဂလာအဝေးပြေး– ဒဂုံဧရာအဝေးပြေး YBS(၁၆) ယာဉ်လိုင်းအစား YBS(၁၁၉)၊ သာကေတ (အနော်မာ)–ရန်ကုန်ဘူတာကြီး YBS(၈၀ မီနီ) ယာဉ်လိုင်းအစား YBS(၁၂၀)၊ သာခုကန်စက်မှုဇုန်–ဒဂုံဧရာအဝေးပြေး YBS(၄၂)ယာဉ်လိုင်းအစား YBS(၁၂၁)၊ ချင်းကုန်း–တိုက်ကြီး–သခင်မြပန်းခြံ YBS (၉၀)ယာဉ်လိုင်းအစား YBS(၁၂၂)၊ အဖျောက်–တိုက်ကြီး–အင်းစိန်(ဘီအိုစီ) YBS(၉၀)ယာဉ်လိုင်းအစား YBS(၁၂၃)၊ အဖျောက်–တော်လတီ–အင်းစိန် (ဘီအိုစီ) YBS(၉၀)ယာဉ်လိုင်းအစား YBS(၁၂၄)၊ ဒဂုံဆိပ်ကမ်း–ကွမ်းအပ်မင်းသားလမ်း–ဒဂုံဧရာအဝေးပြေး YBS(၆)ယာဉ်လိုင်းအစား YBS(၁၂၅)၊ အနောက်ပိုင်းတက္ကသိုလ်–ကျောက်တော်ကြီးဘုရား YBS(၂၂) ယာဉ်လိုင်းအစား YBS(၁၂၆) ယာဉ်လိုင်းတို့အဖြစ် ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း YRTC မှ သိရသည်။

**အဓိကအသုံးပြုသွားလာ**

ရန်ကုန်မြို့တွင်း၌ သွားလာနေကြသော ခရီးသွားပြည်သူအများစုသည် YBS ခရီးသည်တင်ယာဉ်လိုင်းများကိုသာ အဓိကအသုံးပြုသွားလာနေကြပြီး ဖေဖော်ဝါရီ ၅ ရက်တွင် YBS ယာဉ်လိုင်း ၉၈ လိုင်းမှ ယာဉ်အစီးရေ ၂၇၅၄ စီးတို့က ခရီးသည် ဦးရေ ၅၁၉၃၃၀ ကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း YRTC ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**လင်းရာမ**

■

## (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို ပြပွဲ၊ ပြိုင်ပွဲများကျင်းပ

**ဇမ္ဗူသီရိ**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် A–3000 ပိုက်ကျော်ခြင်းကလပ်တွင် ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီက (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

(၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်း ၁၂ သင်းဝင်ရောက် ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ပျော်ပွဲရွှင်ပွဲအဖြစ် ဘဲဥကောက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ စသည့်အားကစားပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက ပျော်ရွှင်စွာ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

---

**လဲချား**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို ဟောပြောပွဲ၊ စာအုပ်/စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ခင်းကျင်းပြသခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးလေးယုက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကို ဟောပြောခဲ့ပြီး တက်ရောက်လာသောကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်၊ စာစောင်များ၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြသည်။

**လွှမ်းသူနောင် (လဲချား)**

---

**ချောင်းသာ**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာအုပ်/စာစောင်ပြပွဲကို ကျင်းပသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်ဦးစီးမှူး ဦးဝင်းကျော်ကျော်က ဆုချီးမြှင့်သည်။

ထို့နောက် စာအုပ်/စာစောင်ပြပွဲကို ကျင်းပပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ လေ့လာခဲ့ကြကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

# တို့အနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့

............ မောင်မောင် ............

အသွေးအရောင် သပ်ရပ်တောက်ပြောင်ကာ ခန္ဓာကိုယ်လေးထောင့်ကျပြီး ကျန်းမာသည့်ကြန်အင်လက္ခဏာများကို ပိုင်ဆိုင်ထားသည်။ ကျောပြင်ကြွက်သား ကျယ်ပြန့်ပြည့်ဖြိုးသလို လည်ပင်းကြွက်သားများက ကြီးမားတုတ်ခိုင်သည်။ လက်ကြွက်သား၊ တင်ပါးကြွက်သားစသည့် ကြွက်သားဖွဲ့စည်းပုံများကလည်း ကြံ့ခိုင်သန်စွမ်းကာ အသက်အရွယ်အလိုက်ရှိရမည့် ခန္ဓာကိုယ်အချိုးအစားဖွံ့ဖြိုးမှုများနှင့် ပြည့်စုံနေသည့်သူ့အား ပထမဆုချီးမြှင့်ခဲ့သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဇန်နဝါရီ ၂၈ မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် မြန်မာ နွား၊ သိုး၊ ဆိတ်အလှနှင့် ဒေသထုတ်တန်ဖိုးမြှင့် တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာပင်ပြပွဲ၊ ပြိုင်ပွဲတွင် အသားတိုး(နွားအထီး)ပထမဆုကို ထိုသို့ရွေးချယ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။

မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကို ထုတ်လုပ်မှုကောင်းမွန်သော အသားစားနွား၊ နို့စားနွားနှင့် သိုး၊ ဆိတ်မျိုးများကို ဖော်ထုတ်၍ မျိုးထိန်းမျိုးပွား မျိုးမြှင့်လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရန်၊ အသားစား/နို့စားနွား၊ သိုးနှင့် ဆိတ်မွေးမြူခြင်းနှင့် တိရစ္ဆာန် အစာပင်စိုက်ပျိုးခြင်း ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်လာစေခြင်းဖြင့် အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများ စားသုံးမှုနှင့် ပြည်တွင်းထုတ်လုပ်မှုကို အားပေးရန်၊ မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုကွန်ရက် ကျယ်ပြန့်လာစေခြင်းဖြင့် ပြည်တွင်း ပြည်ပဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာစေရန်နှင့် မွေးမြူသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။


## မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၆၄ ကောင်

ပြပွဲ၊ ပြိုင်ပွဲသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများ၏ မွေးမြူရေးတိရစ္ဆာန်များဖြစ်သည့် နွားနောက်၊ နို့စားကျွဲ၊ ဒေသနွား၊ နို့စားနွားမကြီး၊ နို့စားနွားမတမ်း၊ အသားစားနွား၊ ဒေသသိုး၊ ဒေသဆိတ်၊ နိုင်ငံခြားမျိုးအသားတိုးဆိတ်၊ နိုင်ငံခြားမျိုး သိုးစသည်ဖြင့် ပြိုင်ပွဲဝင် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၆၄ ကောင် ယှဉ်ပြိုင်ခဲ့ပြီး တိရစ္ဆာန်ပြပွဲတွင် ၄၉ ကောင် ပါဝင်ပြသခဲ့သည်။

အသားတိုး(နွားမ)ပြိုင်ပွဲကို မျိုးရိုးအလိုက် ဗီဇရာခိုင်နှုန်းများ ပြည့်စုံခြင်း၊ အမွေးအရောင် တောက်ပြောင်မှုရှိခြင်း၊ ခန္ဓာကိုယ်အချိုးအစားကျနပြီး နောက်ခြေကျညီပြီး နွားလေးဖက်ညီနေခြင်းစသည့်အသားတိုး(နွားမ)၏ သွင်ပြင်လက္ခဏာများကို အခြေခံကာ ဆုများကို ရွေးချယ်ခဲ့သည်။

နို့စားနွားများကို မျိုးရိုးသွင်ပြင်လက္ခဏာနှင့် ပြည့်စုံခြင်း၊ ခြေလက်အနေအထားကောင်းမွန်ခြင်း၊ ခန္ဓာကိုယ်တည်ဆောက်မှုကောင်းမွန်ခြင်း၊ နို့အုံအနေအထား၊ နို့ထွက်မှုနှင့် နို့အရည်အသွေးကောင်းမွန်မှု၊ နောက်ပါနွားလေး၏ အရည်အသွေးကောင်းမွန်ခြင်းစသည့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများဖြင့် ရွေးချယ်ခဲ့သည်။

ထို့အတူ မြန်မာနွားသိုးအလှပြိုင်ပွဲကို မြန်မာခိုင်းနွားမျိုးရင်း နွားပြာစိမ်းမျိုးဖြစ်ခြင်း၊ ခန္ဓာကိုယ်အမြင့်နှင့် လိုက်လျောညီထွေသော အလုံးအထည် အလျားရှိကာ ပြေပြစ်ကြည့်ကောင်းခြင်း၊ ဦးချိုကငယ်ချိုဖြစ်ကာပြုပြင်မထားခြင်း၊ ဘို့အနေအထား မှန်ကန်ထောင်မတ်နေခြင်း၊ သွားပေါက်လေးချောင်းသာရှိသေးခြင်း၊ အရေပြားရောဂါမရှိ သန့်ရှင်းသပ်ရပ်စိုပြည်ခြင်း စသည့်အချက်များအပါအဝင် နွားသိုးတစ်ကောင်တွင် ရှိသင့်ရှိထိုက်သည့် ကြန်အင်လက္ခဏာများကိုအခြေခံကာ ဆုများကို ဆုံးဖြတ်ရွေးချယ်ခဲ့သည်။



ခိုင်းနွားပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ဦးမင်းရီ၏ နွားသိုးကို တွေ့ရစဉ်။

## ပြိုင်ပွဲတစ်ခုချင်းအလိုက် အမှတ်ပေးစည်းမျဉ်းများ

ထို့ပြင် ဆိတ်ထီး၊ ဆိတ်မများ၊ သိုးထီးနှင့် သိုးမများကို မျိုးရင်းစစ်ဖြစ်ခြင်း၊ ဦးချို၊ မျက်နှာ၊ အမွေးအရောင်၊ ခန္ဓာစသည့် မျိုးရင်းစစ်၏ သွင်ပြင်လက္ခဏာပီပြင်ခြင်း၊ အရေပြားအမွေးအရောင်သန့်ရှင်းမှုအပါအဝင်ကျန်းမာရေးကောင်းမွန်ခြင်း၊ မျိုးပွားမှုဆိုင်ရာ အရည်အသွေးကောင်းမွန်ခြင်း၊ အသက်အရွယ်အလိုက် ခန္ဓာကိုယ်ကြီးထွားမှုကောင်းမွန်ခြင်း စသည့်အချက်များပါဝင်ကာ ပြိုင်ပွဲတစ်ခုချင်းအလိုက် အမှတ်ပေးစည်းမျဉ်းများဖြင့် ရွေးချယ်ခဲ့ကြသည်။

ဆုများအဖြစ် နွားသိုးခိုင်းနွား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ နို့စားနွားမကြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ နွားမတမ်း ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ အသားတိုးနွားအထီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ အသားတိုးနွားအမ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ သိုးအထီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ သိုးအမ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ ဆိတ်အထီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု၊ ဆိတ်အမ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့အပါအဝင် နို့စားကျွဲ (အထီး၊ အမ)၊ နွားနောက်နှင့် ဆိတ်(ကဆီ)တို့ကို အထူးဆုများ ချီးမြှင့်ခဲ့သည်။

ထိုသို့ပြိုင်ပွဲများအပြင် ခိုင်းနွား၊ နို့စားနွား၊ အသားစားနွား၊ ကျွဲ၊ နွားနောက်၊ သိုး၊ ဆိတ်နှင့် ၎င်းတို့၏ထွက်ကုန်များကို ပြုပြင်ထုတ်လုပ်ထားသောပစ္စည်းများ (အသားခြောက်၊ စည်သွတ်အသား၊ အသင့်စားရန် ပြုပြင်ထုတ်လုပ်ထားသော အသားများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ)စသည့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြခန်းများနှင့် တိရစ္ဆာန်သုံးဆေးဝါးပြခန်းများ၊ မွေးမြူရေးအစာဆိုင်ရာ စက်မှုပြခန်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ရေးပညာပေးပြခန်း၊ မွေးမြူရေးအသိပညာပေးပြခန်း၊ မွေးမြူရေးသုံးဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာပြခန်း၊ မွေးမြူရေးအစာဆိုင်ရာပြခန်း၊ တိရစ္ဆာန်ရောဂါ စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) ပြခန်းများကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ညီနောင်အသင်း ၁၂ သင်းနှင့် မွေးမြူရေးကဏ္ဍနှင့် ဆက်စပ်သည့်ကုမ္ပဏီ ၃၀ ကျော်တို့က ပြခန်းပေါင်း ၁၄၅ ခန်း ပါဝင်ပြသခဲ့သည်။

## မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်

ပြပွဲ၏ ရည်ရွယ်ချက်ကောင်းများကြောင့် အကျိုးကျေးဇူးကောင်းများစွာရရှိမည်ဖြစ်ကြောင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ဒေသနှင့်ကိုက်ညီပြီး ထုတ်လုပ်မှုကောင်းမွန်သော ဒေသနွား၊ သိုးနှင့် ဆိတ်မျိုးများကို ဖော်ထုတ်နိုင်ခြင်း၊ ယင်းတို့၏ ထွက်ရှိရာအရပ်ဒေသများကို ဖော်ထုတ်နိုင်ပြီး မျိုးကောင်းမျိုးသန့်များ၏ မူရင်းဇာစ်မြစ်များကို သိရှိလာနိုင်ခြင်း၊ ဒေသထုတ်တန်ဖိုးမြှင့် တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းနည်းစနစ်များကို မွေးမြူရေးသမားအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုကွန်ရက် ကျယ်ပြန့်လာစေခြင်းကြောင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များကို ပိုမိုမွေးမြူလာနိုင်ကာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ပြည်တွင်းထုတ်လုပ်စားသုံးမှု ဖူလုံစေခြင်းနှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိကာ မွေးမြူသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၉ သို့ ❒



နို့စားကျွဲပြိုင်ပွဲတွင် အထူးဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ ဦးကိုကိုနိုင်၏ ကျွဲကို တွေ့ရစဉ်။

**“မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ပြီး ဘိုးဘွားအစဉ်အဆက်ကပင် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခဲ့ကြသည်။ မိသားစုစားသုံးရန် တစ်ပိုင်တစ်နိုင် သမားရိုးကျမွေးမြူထုတ်လုပ်ကာ ပိုလျှံသည်များကိုသာ ရောင်းချသည့်စနစ်မှ ခေတ်စနစ်များ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုနှင့်အတူ နွား၊ သိုးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းသည် အသားနှင့်နို့ နှစ်မျိုးစလုံးအတွက် ရည်ရွယ်မွေးမြူနိုင်သော စီးပွားဖြစ်လုပ်ငန်းတစ်ခုဖြစ်လာ”**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❒ စာမျက်နှာ ၁၈ မှ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ပြီး ဘိုးဘွားအစဉ်အဆက်ကပင် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခဲ့ကြသည်။ မိသားစုစားသုံးရန် တစ်ပိုင်တစ်နိုင် သမားရိုးကျ မွေးမြူထုတ်လုပ်ကာ ပိုလျှံသည်များကိုသာ ရောင်းချသည့်စနစ်မှ ခေတ်စနစ်များ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုနှင့်အတူ နွား၊ သိုးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းသည် အသားနှင့်နို့ နှစ်မျိုးစလုံးအတွက် ရည်ရွယ်မွေးမြူနိုင်သော စီးပွားဖြစ်လုပ်ငန်းတစ်ခု ဖြစ်လာသည်။

**၂၂ ရာခိုင်နှုန်းကို လယ်ယာသားငါးကဏ္ဍမှ ဖြည့်ဆည်းပေး**

လယ်ယာသားငါးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သလို ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝကိုလည်း ကိုယ်စားပြုလျက်ရှိသည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၂၂ ရာခိုင်နှုန်းကို လယ်ယာသားငါးကဏ္ဍမှ ဖြည့်ဆည်းပေးလျက်ရှိရာ အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရေးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက် (၉) ရပ်တွင် စီးပွားရေးရည်မှန်းချက်အဖြစ် ပါဝင်လျက်ရှိသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တိုးပွားလာခဲ့သော လူဦးရေအတွက် အာဟာရပြည့်ဝပြီး အရည်အသွေးကောင်းမွန်သော အသားနှင့်နို့များ ပံ့ပိုးပေးနိုင်ရန်၊ နိုင်ငံတော်၏ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့်ဝန်ဆောင်မှုအရ မွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်၊ တိရစ္ဆာန်ကျန်းမာရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။




သိုး (အမ) ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ ဦးဘုန်းကျော်၏ သိုးကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရေအတွက် ပေါများစွာ ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံ၍ ပြည်ပတင်ပို့နိုင်သည့် နိုင်ငံခြားဈေးကွက်ရှိခြင်းကြောင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံခြားဝင်ငွေရရှိနိုင်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်နိုင်သော ကဏ္ဍတစ်ခုဖြစ်သည်။

တစ်ဖက်တွင်လည်း မွေးမြူသူအများစုသည် တစ်ပိုင်တစ်နိုင် မွေးမြူရေးနည်းစနစ်ကို ကျင့်သုံးနေဆဲဖြစ်သည့်အတွက် တိရစ္ဆာန်တစ်မျိုးချင်း ထုတ်လုပ်မှုမြင့်မားလာစေရန် မွေးမြူရေးနှင့် ကာကွယ်ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။

**အစာအာဟာရဆိုင်ရာ သွင်းအားစုများ**

ထို့ပြင် အသားစားနွား၊ ခိုင်းနွား၊ နို့စားနွား၊ နွားနောက်နှင့် သိုး၊ ဆိတ်စသည်ဖြင့် အမျိုးအစားအမျိုးမျိုးရှိရာ အစာအာဟာရဆိုင်ရာ သွင်းအားစုများဖြစ်သည့် မြက်မျိုးနှင့် စားကျက်များသည်လည်း မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလျက်ရှိသည်။

စားကျက်ဖြင့် လွှတ်ကျောင်းခြင်းစနစ်မှ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးပြီး ရိတ်သိမ်းကျွေးမွေးသည့် ခြံလှောင်မွေးမြူရေးစနစ်သို့ ပြောင်းလဲခြင်းကို အောင်မြင်အောင်ဆောင်ရွက်ရန် လိုအပ်သလို အစုအဖွဲ့ဖြင့် မွေးမြူသည့်အလေ့အကျင့်များ၊ သမဝါယမစနစ်များ ထူထောင်ပေးခြင်း၊ ကူးစက်ရောဂါများကို စနစ်တကျကာကွယ်ထိန်းချုပ်ခြင်း၊ မွေးမြူမှုအားလုံးကို စီးပွားဖြစ်မွေးမြူရေးဖြစ်အောင် ပံ့ပိုးဆောင်ရွက်ကြရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားသည်။

**အသိအမြင် ဗဟုသုတများစွာကို မျှဝေပေးနိုင်ခဲ့**

သို့မို့ကြောင့် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတွင် ယခင်က တိရစ္ဆာန်များကို စားကျက်တွင် လွှတ်ကျောင်းကျွေးမွေးသည့် မိရိုးဖလာဓလေ့မှ တိရစ္ဆာန်စားပင်များ စိုက်ပျိုးကျွေးမွေးသည့် အလေ့အထကောင်းများ၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ၊ အသိအမြင်ဗဟုသုတများစွာကို မျှဝေပေးနိုင်ခဲ့သည့်အတွက် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲသည် မွေးမြူရေးကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ရန် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အတူ မွေးမြူသူတောင်သူများအနေဖြင့် သမားရိုးကျမွေးမြူထုတ်လုပ်မှုမှသည် စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်များ၊ နည်းပညာအသစ်များ၊ အခွင့်အလမ်းများကို လေ့လာခွင့်ရခဲ့သည့်အတွက် ပိုမိုမွေးမြူထုတ်လုပ်နိုင်ခြင်းဖြင့် မဝေးတော့သည့် အနာဂတ်တွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

■

ဓမ္မ ပုံပြင်

# အမိုက်သုံးပါး၊ အသွမ်းသုံးပါး

မင်းယုဝေ

ပဉ္စမနေ့သို့ရောက်သော် ဘေဒကမင်းကြီးသည် လုလင်ကို ခေါ်ပြန်သည်။

"အမောင်၊ မှတ်သားဖွယ်စကားထူး၊ ပုံပြင်ထူးကို ဆိုပါဦးလော့"ဟူ၍ မိန့်တော်မူသည်။ လုလင်က

"အရှင်မင်းကြီး၊ 'မိုက်စွတကား၊ မိုက်သွမ်းစတကား၊ သွမ်းသုံးပါး' ဟူသောစကားကို ကြားဖူးတော်မူပါသလော"ဟူ၍မေးသည်။

မင်းကြီးက...

"အမောင်၊ သည်စကားကို ငါမကြားဖူးပါ။ ထင်စွာပြပါလော့"ဟု ဆိုတော်မူသည်။ ထိုအခါ လုလင်က ဤသို့လျှောက်ထားလေသည်။

"အရှင်မင်းကြီး၊ ရှေးသရောအခါ စမ္ပပုရပြည်၌ စန္ဒရသေနမင်းသည် မင်းပြုပါသည်။ မင်းပြုစတွင် ထိုမင်းသည် တစ်စုံတစ်ရာအနာရောဂါမရှိပါ။ သို့ရာတွင် ကာလအတန်ကြာသောအခါ ကုဋ္ဌနူနာ စွဲကပ်လာပါသည်။ မင်းကြီးသည် အနာရောဂါ ပျောက်စိမ့်သောငှာ သမားတော်အမျိုးမျိုးကိုခေါ်ယူကုသပါသည်။ ပျောက်ကင်းချမ်းသာရာမရပါ။ တစ်ဖန် ဆေးဝါးအမျိုးမျိုးကိုရှာဖွေစားပါသည်။ မရပါ၊ သုံးနှစ်တိုင်ရှိလာပါသည်။

တစ်နေ့သောအခါ မင်းကြီးသည် ထိုအနာမှ လွတ်ချင်လှသောကြောင့် ရွှေစင်တစ်ထောင်ကို ထုပ်၍ မင်းချင်းယောကျ်ားတို့အား ပြည်ကိုလည်၍ ကြွေးကြော်စေပါသည်။ မင်းချင်းယောကျ်ားတို့သည် ဘုရင်၏ ညွှန်ကြားချက်အရ

"မင်းကြီး၏အနာကို လွတ်အောင်ကုသနိုင်လျှင် သည်ရွှေစင်တစ်ထောင်ကိုလည်း ပေးမည်၊ အိမ်ရှေ့အရာကိုလည်းပေးမည်"ဟူ၍ ဟစ်အော်ကြေညာကြပါသည်။ ထိုအခါ သမားတော်တစ်ဦးက...

"မင်းကြီး၏ အနာကို ငါ လွတ်အောင်ကုမည်"ဟု ဆိုလာပါသည်။

မင်းချင်းတို့သည် ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားရာ မင်းကြီးက ထိုသမားတော်အား ခေါ်ယူပြီးလျှင်

"အမောင် သမားတော်၊ ငါ့အနာကို ကုပါဘိ"ဟု မိန့်တော်မူပါသည်။

သမားတော်က..

"အရှင်မင်းကြီး၊ အရှင်၏အနာကိုလွတ်အောင် ကုပါမည်။ သို့ရာတွင် လက်တွင်း၌ ဆေးမရှိသေးပါ။ ရအောင် ရှာပါမည်။ အရှင်မင်းကြီးက ကူတော်မူပါ"ဟူ၍ လျှောက်ထားပါသည်။ မင်းကြီးကလည်း...

"သင် အဘယ်ဆေးကို လိုသနည်း" ဟူ၍ မေးပါသည်။

သမားတော်က...

"အရှင်မင်းကြီး၊ ဂင်္ဂါရေကိုလည်းကောင်း၊ ဇီဝငှက်ကိုလည်းကောင်း အလိုရှိပါသည်။ ဇီဝငှက်သည် ဟိမဝန္တာတောရှိ မောနသဃမည်သောအိုင်၌ နေပါသည်။ ထိုငှက်နှင့် ထိုရေကိုရမှ ကျွန်တော်မျိုး ကုသနိုင်ပါမည်"ဟု ဆိုပါသည်။

ထိုအခါ ဘုရင်သည် နီးဝေးဝန်းကျင်ရှိ မုဆိုးတို့ကိုခေါ်၍ ရေနှင့်ထိုငှက်တို့ကို ယူဆောင်စေပါသည်။ ဂင်္ဂါရေကို ယူဆောင်နိုင်မည့် မုဆိုးရှိသော်လည်း ဇီဝငှက်၏အမည်ကိုပင် မကြားဖူးပါ။ နောက်ဆုံးတွင်မှ မုဆိုးတစ်ယောက်ပေါ်လာပါသည်။ ထိုမုဆိုးက...

"ဇီဝငှက်ကို ဖမ်းပေးပါမည်"ဟု လျှောက်ထားပါသည်။ မင်းကြီးသည် ထိုမုဆိုးကို စားနပ်ရိက္ခာပေး၍ လွှတ်လိုက်ပါသည်။

ထိုမုဆိုးသည် ဟိမဝန္တာတောရှိမောနသဃအိုင်သို့ ရောက်သောအခါ ဇီဝငှက်ကို ဖမ်းရန်အတွက် ကောင်းကင်၌ ပိုက်ကိုထောင်ထားပါသည်။ ထိုသို့ ထောင်ထားစဉ် ဇီဝငှက်ကိုကားမမိ။ ယင်ပေါင်ငှက်ကိုသာ မိပါသည်။ ဇီဝငှက်ကလည်း ငါ့အဆွေခင်ပွန်း ယင်ပေါင်ကိုမိလေပြီ။ လွတ်အောင် ငါကူပံ့မည်ကြံကာ မဆင်မခြင်ဘဲ ပိုက်သို့တိုးဝင်ပါသည်။

ထိုအခါ ဇီဝငှက်ကိုလည်း မိပြန်ပါသည်။

မုဆိုးသည် ယင်ပေါင်ကိုလွှတ်၍ ဇီဝငှက်ကို ယူလာပါသည်။ လမ်းခရီးတွင် ဇီဝငှက်က မုဆိုးအား မိမိကိုဖမ်းရခြင်း၏အကြောင်းရင်းကို မေးပါသည်။ မုဆိုးကလည်း အဖြစ်မှန်ကို ပြောပြပါသည်။ ထိုအခါ ဇီဝငှက်က...

"အမောင်မုဆိုး၊ ငါ့ကို မင်းကြီးအား ဆက်သော် အမောင်အား ဆုလာဘ်တစ်စုံတစ်ရာရမည် ထင်သလော။ လက်ဖက်တစ်ရိုး ကွမ်းတစ်ယာမျှ ရမည်မဟုတ်ပါ။ အမောင် အသက်မွေးလောက်အောင် ရွှေအိုး၊ ငွေအိုးတို့ကို ငါညွှန်ပြမည်၊ ငါ့ကိုသာလွှတ်ပါ" ဟူ၍ ဆိုပါသည်။ မုဆိုးလည်း ဇီဝငှက်ကိုမလွှတ်ဘဲ မင်းကြီးကို ဆက်ပါသည်။ မကြာမီ ဂင်္ဂါရေကို ဆောင်ယူလာသောမုဆိုးလည်း ရောက်ရှိလာပါသည်။

ဂင်္ဂါရေနှင့် ငှက်ကိုရသော် သမားတော်သည် ငှက်၏ခြေကိုကိုင်၍ မင်းကြီး၏ကိုယ်ထက်၌ထားပြီးမှ ဂင်္ဂါရေဖြင့် သွန်းပါသည်။ ထိုရေစင်ကို ခံရသောခဏ၌ မင်းကြီး၏ရောဂါသည် အလွှားအလွှား ကွာကျကာ လုံးဝပျောက်ကင်းသွားပါသည်။

စန္ဒရသေနမင်းလည်း ကတိအတိုင်းပင် သမားတော်အား ရွှေစင်တစ်ထောင်ပေး၍ အိမ်ရှေ့အရာ၌ ထားပါသည်။ ငှက်ခတ်မုဆိုးကိုမူ မည်သည့်ဆုလာဘ်မျှ မပေးပါ။

"သင်အလိုရှိတိုင်း ငါ၏တိုင်းနိုင်ငံတွင်နေထိုင်ပါ"ဟူ၍သာ ဆိုပါသည်။ ထို့နောက် ဇီဝငှက်ကို ပျားလူးပေါက်ပေါက်တို့ များစွာကျွေး၍ လွှတ်လိုက်ပါသည်။

ဇီဝငှက်သည် လွတ်လပ်စွာ ပျံတက်သွားရာမှ မင်းကြီး၏ပြာသာဒ်ထက်၌ နား၍...

"မိုက်စွတကား၊ မိုက်သွမ်းစတကား၊ သွမ်းသုံးပါး"ဟူ၍ မြည်တမ်းပါသည်။ မင်းကြီးက ထိုအသံကို ကြားသောအခါ..

"အို ငှက်ငယ်၊ အမိုက်သုံးပါး ဟူသည် အဘယ်နည်း၊ အသွမ်းသုံးပါးဟူသည် အဘယ်နည်း" ဟု မေးပါသည်။ ထိုအခါ ဇီဝငှက်က...

"မင်းကြီး၊ ငါလည်း အလွန်မိုက်၏၊ အလွန်သွမ်း၏။ ငှက်ခတ်မုဆိုးလည်း အလွန်မိုက်၏၊ အလွန်သွမ်း၏။ မင်းကြီးလည်း အလွန်မိုက်၏၊ အလွန်သွမ်း၏"ဟူ၍ ဆိုပါသည်။

မင်းကြီးက...

"အဘယ်သို့ မိုက်ပါသနည်း၊ အဘယ်သို့ သွမ်းပါသနည်း" ဟူ၍ ပြန်မေးပါသည်။ ဇီဝငှက်က...

"အရှင်မင်းကြီး၊ မုဆိုးသည် တောသို့လာ၍ ကောင်းကင်ပိုက်ဖြင့် ထောင်ရာတွင် ငါ့ကိုမမိ၊ ယင်ပေါင်ကိုသာ မိပါသည်။ ထိုအခါ ငါသည် အဆွေခင်ပွန်းကို ကယ်လိုသဖြင့် ပိုက်ကိုဝင်တိုးပါသည်။ အဆွေခင်ပွန်းကို ကယ်ဆယ်ခြင်းသည် မြင့်မြတ်ပါသည်။ သို့ရာတွင် ဆင်ခြင်ဉာဏ်သုံးကာ လွတ်ရာလွတ်ကြောင်းကို ရှာဖွေကြိုးပမ်းသင့်ပါသည်။ ယခုမူ မဆင်မခြင် ပိုက်ကိုဝင်တိုးသဖြင့် ငါသည်အမိခံရသည်။ မင်းကြီးမသတ်ပေ၍သာ ငါ့အသက်ချမ်းသာရာရခဲ့သည်။

**စာမျက်နှာ ၂၁ သို့** ❖

စာမျက်နှာ ၂၁ သို့

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



❖ စာမျက်နှာ ၂၀ မှ

ပိုက်ကို မဆင်မခြင်ဝင်တိုးခြင်းသည် ငါအလွန်မိုက်၏။ မိုက်သောကြောင့်လည်းသွမ်း၏။ တစ်ဖန် လမ်းခရီး၌ ငါကမုဆိုးအားပြောခဲ့ပါသည်။ ငါ့ကို မင်းကြီးအား ဆက်သော်လည်း သင်ဆုလာဘ် တစ်စုံတစ်ရာရမည်မဟုတ်။ ငါ့ကိုသာလွှတ်ပါ။ လွှတ်ပါမူ အသက်မွေးလောက်အောင် ရွှေအိုး၊ ငွေအိုးတို့ကို ငါနှင်းမည်ဆိုပါသည်။ သည်စကားကို သူနားမထောင်။ ငါ့ကို မင်းကြီးအား ဆက်ဘိသည်။ ဆက်သော်လည်း သူ့မှာ ဆုလာဘ်တစ်စုံတစ်ရာမရ။ ထို့ကြောင့် မုဆိုးလည်း အလွန်မိုက်၏၊ သွမ်း၏။ ထို့နောက် မင်းကြီးသည် ငါ့ကိုယ်ကို ရေစင်သွန်း၍ ခံသဖြင့် အနာရောဂါမှ ကင်းပျောက်ခဲ့သည်။ အနာရောဂါပျောက်ပြီးနောက် အကယ်၍ မင်းကြီးသည် ပညာရှိတစ်စုံတစ်ယောက်နှင့် ဆွေးနွေးတိုင်ပင်ပါမူ ငါ၏တန်ဖိုးကို ထိုထက်မက သိနိုင်ရာသည်။ ငါ၏ အသားသည် ထူးမြတ်သည်ကို မင်းကြီးမသိယောင် တကား။ ငါ၏အသားကိုစားရမူကား စားသူတိုင်း မအို၊ မနာ၊ အသက်ရှည်စွာနေထိုင်ရရာ၏။ သို့ဖြစ်လျက် မင်းကြီးသည် ပညာရှိကိုမတိုင်ပင်ဘဲ ငါ့ကို လွှတ်သောကြောင့် မင်းကြီးသည် မိုက်၏၊ သွမ်း၏” ဟူ၍ ပြောကြားကာ ပြာသာဒ်ဖျားမှ ပျံသွားပါသည်။ စန္ဒရသေနမင်းလည်း “ဇီဝါငှက်သားကို စားရလျှင် မအို၊ မနာ အသက်ရှည်စွာနေနိုင်ပါလျက် မစားရလေ”ဟု ဆိုကာ နောင်တကြီးစွာရရှိပါသည်။

ထို့ကြောင့် “အရှင်မင်းကြီး၊ အရေးအရာရှိသောအခါ ရုတ်တရက်မစဉ်းမစား၊ မဆင်မခြင်မပြုသင့်ပါ။ ပညာရှိတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆင်ခြင်တွေးတောကာ ပြုသင့်ပါသည်”။

ဤသို့ လုလင်က ဆင်ခြင်မှတ်သားဖွယ် စကားထူး၊ ပုံထူးကို လျှောက်ထားသောအခါ ဘေဒက မင်းကြီးသည် များစွာအားရကျေနပ်တော်မူသည်။

“အမောင်လုလင် သည်စကားထူး၊ ပုံပြင်ထူးကို သင်ဘယ်ကကြားသိခဲ့ရသနည်း။ တော်ပါပေသည်၊ ကောင်းလှပါပေသည်”ဟုဆိုကာ ရွှေစင်တစ်ထောင်ဖြင့် ပူဇော်လိုက်လေသည်။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

### မျှော်ကိုးယောင်စာဆို

“စိန်ခြူးကြာညောင်၊ မျှော်ကိုးယောင်ကို
ထိပ်ခေါင်တင်လေး၊ စီကာရေးလည်း
ပျို့ထွေးစာဆို၊ နှဲ့ညှိညှိုမူ
သည်လိုရေးရမည် မဟုတ်ပါ” တဲ့။
“ရှိစုံရွက်ကြာ၊ မျှော်တေးစာနှင့်
ထိပ်ချာနန်းသွေး၊ မမြလေးတို့
စီရေးကာသာ၊ ပူရှာလည်း
သက်လျာစာဆို၊ နှဲ့ညှိညှိုမူ
သည်လိုရေးရမည် မဟုတ်ပါ” တဲ့။
“အလေမလိုက်၊ စရိုက်မကျူး
မမူး-မမေ့၊ ချစ်မရှေ့တည့်
ပျော်မွေ့စဉ်သာ၊ နေမည်ပါ”တဲ့။
သစ္စာစကား၊ မောင်ကကြားသည်
သက်ထားစာဆို
ရှင်ချိုကြည်လို့ ပြုံးပြီတကား။ ။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ၁၀

# ဆယ်ကျော်သက်လူငယ်များနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

မိဘများသည် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ လူငယ်များကို စိတ်ဓာတ်ကြံ့ခိုင်သူများဖြစ်ရန် လေ့ကျင့်ပေးနိုင်သည်။ စင်စစ် စိတ်ဓာတ်ကြံ့ခိုင်သူသည် စိတ်ပျက်စရာများ၊ အတားအဆီးများကို တွန်းလှန်နိုင်သူများဖြစ်ကြသည်။ ယင်းအရည်အချင်းများကို အတွေ့အကြုံများမှ ရရှိနိုင်သည်။ ဥပမာအားဖြင့် ကလေးတစ်ဦးသည် လမ်းလျှောက်ခါစတွင် ခဏခဏလဲကျပြီးမှ လမ်းလျှောက်တတ်လာသကဲ့သို့ အခက်အခဲများ တွေ့ကြုံမှ ဘဝတွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

ဆယ်ကျော်သက်လူငယ်များသည် စိတ်ပျက်စရာများ၊ အမှားများမှ ရုန်းထနိုင်ရန် ကြိုးပမ်းတတ်အောင် မိဘများက ပျိုးထောင်ပေးရမည်ဖြစ်သည်။ ဤသို့ဖြင့် ၎င်းတို့သည် ပညာဆည်းပူးရာတွင် ဝီရိယပိုရှိလာမည်၊ စွမ်းဆောင်ရည် ပိုရှိလာမည်ဖြစ်သည်။ ဆယ်ကျော်သက်အချို့သည် ရှုံးနိမ့်မှု၊ ဝေဖန်မှု၊ အခက်အခဲများ တွေ့ကြုံရသောအခါ စိတ်ဓာတ်ကျလေ့ရှိသည်။ တချို့က လုံးဝအရှုံးပေးကြသည်။ ဤတွင် မိဘများက ရှုံးနိမ့်မှုဟူသည် တစ်ခါတစ်ရံ မလွဲမသွေ ကြုံရလေ့ရှိကြောင်း ပြောဆိုရှင်းပြထားရမည်။ ပညာသင်ကြားရာတွင်လည်း အခက်အခဲသည် တစ်ချိန်ချိန် ကြုံရလေ့ရှိကြောင်း ရှင်းပြရန်လိုသည်။ ဤသို့ဖြင့် ဆယ်ကျော်သက်လူငယ်များ၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို တိုးတက်အောင် လေ့ကျင့်ပေးသင့်သည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်လူငယ်များ ပြဿနာတစ်စုံတစ်ရာ တွေ့ကြုံပါက သူတို့၏ ပြဿနာကို မဖြေရှင်းပေးပါနှင့်။ သူတို့ကိုယ်တိုင် ဖြေရှင်းတတ်အောင် ကူညီပေးရန်လိုသည်။ ဥပမာ- ဆယ်ကျော်သက်လူငယ်တစ်ဦးသည် ကျောင်းသင်ခန်းစာ တစ်ခုကို နားမလည်သောအခါ “ဒီသင်ခန်းစာကို နားလည်ဖို့ ဘာလုပ်ရသလဲ” စသဖြင့် နည်းလမ်းရှာကာ ကူညီပေးရမည်ဖြစ်သည်။

မိဘများအနေဖြင့် ဆယ်ကျော်သက်လူငယ်များကို လေ့ကျင့်ပေးရာတွင် ဆယ်ကျော်သက်များအနေဖြင့် “မိမိအမှားကို ဝန်ခံတတ်သလား၊ သူတစ်ပါးကို အပြစ်ဖို့တတ်သလား၊ ကိုယ့်ရှုံးနိမ့်မှုတွေအကြောင်း ပြောပြသလား၊ သူတစ်ပါးရဲ့အမှားကို ကဲ့ရဲ့ပြောဆိုတတ်သလား” စသဖြင့် လေ့လာသုံးသပ်ပြီး သူတို့ကို ရှုံးနိမ့်မှုမှ သင်ခန်းစာယူပြီး စံနမူနာပြကာ လေ့ကျင့်သင်ကြားပေးရန်လိုသည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်လူငယ်များကို လက်တွေ့ကျကျ ရှုမြင်တတ်အောင် ကူညီပေးရမည်ဖြစ်သည်။ ဥပမာ- ပထမအစမ်းစာမေးပွဲကျရင် ဘာလုပ်မလဲ။ “ဘာမှမတတ်နိုင်ဘူး” ဟု ပြောဆိုကာ ဒုတိယအစမ်းစာမေးပွဲအတွက် ဆယ်ကျော်သက်များ၏ လိုအပ်ချက်ကိုကြည့်ကာ ပြဿနာကို စိတ်ဓာတ်မြှင့်တင်ပေးရမည်။ အရှုံးပေးလိုသောစိတ်ဓာတ်ကို ပပျောက်စေပြီး စိတ်ဓာတ်ကြံ့ခိုင်အောင် သင်ပေးဖို့ တိုးတက်နိုင်မည့် နည်းလမ်းကို သိမြင်စေရမည်ဖြစ်သည်။ ဤနည်းဖြင့် ဆယ်ကျော်သက်လူငယ်များ၏ ပြဿနာကို ဖြေရှင်းပေးရန်လိုသည်။

ဂျက်ဖ် အမည်ရှိ ဖခင်တစ်ဦး၏အတွေးအမြင်က စိတ်ဝင်စားဖွယ်ကောင်းသည်။

“အခက်အခဲတွေ၊ ရှုံးနိမ့်မှုတွေ၊ အမှားတွေကနေ ကလေးတွေကို ကာကွယ်မပေးဘူး၊ ကျွန်တော်ငယ်ရွယ်စဉ်တုန်းက ဒါတွေခံခဲ့ရလို့ ပိုကောင်းတဲ့သူတစ်ဦးဖြစ်လာတယ်။ ကလေးတွေကို ဖူးဖူးမှုတ်မထားလို့ မျှတတဲ့ အလိုက်သင့်နေတတ်တဲ့သူအဖြစ် ကြီးပြင်းလာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။”

စင်စစ် ဆယ်ကျော်သက် လူငယ်များသည် မအောင်မြင်သော၊ အခက်အခဲကြုံရသောအခါ စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်ရန်လိုသည်။ အပြေးသန်တိုင်း ပြေးပွဲတွင် အမြဲအနိုင်မရနိုင်ချေ။ မျှော်လင့်ချက်သည် တစ်ခါတစ်ရံ မျှော်လင့်မထားသလို ဖြစ်တတ်သည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်လူငယ်များကို ဘဝပြဿနာများ ရင်ဆိုင်ကြုံတွေ့ရာတွင် အန္တရာယ်မကြုံရလေအောင် ကာကွယ်ပေးရမည်ဖြစ်သည်။ ဆယ်ကျော်သက်များအနေဖြင့် မိတ်ဆွေသူငယ်ချင်းဆုံးရှုံးခြင်း၊ မိသားစုဝင် ညီအစ်ကိုမောင်နှမများ သေဆုံးခြင်း စသောပြဿနာများ ကြုံတွေ့ရလျှင် ရင်ဆိုင်နိုင်အောင် မိဘများက ကူညီပေးနိုင်သည်။

ဆယ်ကျော်သက်များကို လူကြီးသူမများ၊ ဆရာဆရာမများနှင့် မိဘများက အပြုသဘော ဝေဖန်အကြံပေးလျှင် ယင်းအကြံပေးမှုများကို ဂရုတစိုက်နားထောင်သင့်သည်။ စင်စစ် အပြုသဘော ဝေဖန်ခြင်းသည် အနိုင်ကျင့်ခြင်းမဟုတ်ချေ။ ပြောင်းလဲရန်လိုအပ်သော လုပ်ရပ်၊ သဘောထားကို ဖော်ပြသောလမ်းညွှန်မှုသာဖြစ်သည်။

ဂျိမ်းအမည်ရှိ ဖခင်တစ်ဦးက “ကလေးတွေအပေါ် ကျွန်တော်တို့ဇနီးမောင်နှံ မှားသွားတဲ့အခါ အမြဲတောင်းပန်ကြတယ်။ မိဘတွေ အမှားလုပ်မိတဲ့အခါ သားသမီးတွေကို ပြောပြသင့်တယ်။ ဒါမှ ဘဝမှာမှားလေ့မှားထရှိကြောင်း သင်ပေးလို့ရမယ်” ဟု ဆိုသည်။ မိဘများက ယင်းသို့လမ်းညွှန်သင်ပေးရန်လိုသည်။ ဆုံးမပဲ့ပြင်မှုကို ဆယ်ကျော်သက်လူငယ်များ လက်ခံတတ်အောင် သင်ကြားပေးလျှင် နှစ်ဦးနှစ်ဖက် အကျိုးခံစားရမည်ဖြစ်သည်။

“အမှားကို မပြုပြင်ပေးရင် ဘယ်တော့မှ သင်ယူတတ်မှာ မဟုတ်ဘူး။ ကလေးတွေ ပြဿနာပိုကြုံလာရမယ်။ မိဘတွေကလည်း တစ်ချိန်လုံး လိုက်ဖြေရှင်းပေးနေရမယ်။ မိဘတွေအတွက်ရော၊ ကလေးအတွက်ရော စိတ်မချမ်းသာစရာဖြစ်မယ်” ဟု ဂျွန်အမည်ရှိ ဖခင်တစ်ဦးက ဆိုသည်။

ထို့ကြောင့် မိဘများအနေဖြင့် အပြုသဘော ဝေဖန်မှုများမှတစ်ဆင့် အကျိုးခံစားနိုင်အောင် ဆယ်ကျော်သက်လူငယ်များကို မည်သို့ကူညီပေးရမည်ကို သိရှိထားရန်လိုသည်။ ကျောင်းတွင်ဖြစ်စေ၊ အခြားနေရာမှာဖြစ်စေ ဆယ်ကျော်သက်လူငယ်များ အပြုသဘော ဝေဖန်ခံရသောအခါ “မတရားဘူး” ဟု မပြောပါနှင့်။ အဖြစ်မှန်ကို သိရှိသဘောပေါက်ရန် “ဘာကြောင့် ဆုံးမပဲ့ပြင်တယ်လို့ ထင်သလဲ”၊ “ဘယ်လိုတိုးတက်နိုင်မလဲ”၊ “နောက်တစ်ကြိမ် ဒါမျိုးကြုံလာရင် ဘယ်လိုလုပ်မလဲ” ဟု စဉ်းစားသုံးသပ်ရန်လိုသည်။ ဤသို့ တွေးခေါ်မှုမျိုးဖြင့် အပြုသဘောဝေဖန်မှုက မိဘများနှင့် ဆယ်ကျော်သက်များအတွက် အကျိုးပြုနိုင်မည် ဖြစ်သည်။ ဆယ်ကျော်သက်များကို စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်ရန် မိဘများက ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် လိုအပ်ပေသည်။

*Ref: Parenting without borders by Christine Gross-Loh*

■

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၂ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၃၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၂၁,၅၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၇,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၄,၀၇၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅-၂-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၂,၃၈၉,၂၉၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၉,၂၁၃,၆၇၈) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၁၇၅,၆၂၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၅-၂-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၄၁,၆၀၂,၉၇၇) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၈၂) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၃) ခု | (၁၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၃၀) ခု | (၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၅၀) ခု | (၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၈၈၅) ခု | (၁၇၂) ဦး |
| စုစုပေါင်း | (၂၄,၃၃၃) ခု | (၃၃၂) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၅-၂-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၁၇၅,၆၂၁) ဦး |
| ကာကွယ်ဆေး ၂ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၉,၂၁၃,၆၇၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် ၂ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၃၈၉,၂၉၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၁,၆၀၂,၉၇၇) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၉၆၆၆၉၁ | ၄၇၉၀၀၂၅၂ | ၉၂၅၆၅၅ |
| ၂။ | အိန္ဒိယ | ၄၂၁၈၈၁၃၈ | ၄၀၄၆၁၁၄၈ | ၅၀၂၀၀၆ |
| ၃။ | ဘရာဇီး | ၂၆၄၇၃၂၇၃ | ၂၂၆၆၆၅၆၇ | ၆၃၁၈၆၉ |
| ၄။ | ပြင်သစ် | ၂၀၆၀၂၉၃၂ | ၁၄၀၄၀၀၀၇ | ၁၃၂၃၇၇ |
| ၅။ | ဗြိတိန် | ၁၇၇၄၉၉၉၉ | ၁၅၁၂၂၄၃၆ | ၁၅၈၂၄၃ |
| ၆။ | ရုရှား | ၁၂၈၁၀၁၁၈ | ၁၀၅၆၉၂၇၁ | ၃၃၅၄၁၄ |
| ၇။ | တူရကီ | ၁၂၁၅၀၅၆၇ | ၁၁၃၃၇၃၄၄ | ၈၈၅၃၃ |
| ၈။ | အီတလီ | ၁၁၅၄၂၇၉၃ | ၉၂၆၅၇၀၈ | ၁၄၈၅၄၂ |
| ၉။ | ဂျာမနီ | ၁၀၉၇၀၇၂၉ | ၈၀၅၈၁၀၀ | ၁၁၉၃၄၃ |
| ၁၀။ | စပိန် | ၁၀၂၇၄၆၅၃ | ၆၅၇၃၄၇၁ | ၉၄၂၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၅၁၆၄၈၀ | ၄၁၈၃၀၂၇ | ၁၄၄၅၁၄ |
| ၂။ | ဖိလစ်ပိုင် | ၃၆၀၉၅၆၈ | ၃၄၂၈၈၁၅ | ၅၄၅၂၆ |
| ၃။ | မလေးရှား | ၂၉၀၄၁၃၁ | ၂၈၀၆၁၅၄ | ၃၂၀၂၅ |
| ၄။ | ထိုင်း | ၂၄၉၇၀၀၁ | ၂၃၈၃၆၇၃ | ၂၂၂၉၄ |
| ၅။ | ဗီယက်နမ် | ၂၃၄၁၉၇၁ | ၂၁၁၂၇၁၅ | ၃၈၃၂၄ |
| ၆။ | မြန်မာ | ၅၃၇၉၀၁ | ၅၁၄၀၇၆ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၉၀၀၇၁ | ၃၅၅၆၁၁ | ၈၆၈ |
| ၈။ | လာအို | ၁၃၆၄၃၈ | ၁၃၁၃၉၁ | ၅၆၉ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၇၇၃ | ၁၁၈၁၂၂ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၇၄၀၄ | ၁၆၁၀၆ | ၉၈ |

# ကျန်းမာရေးသတိ

ဆရာမဲဇာ




အသက်အရွယ်နှင့် အတွေ့အကြုံအပေါ်မူတည်၍ လူတိုင်းမှာ ဗဟုသုတရှိကြပါသည်။ Trial and error ခေါ် "စမ်းမှား" အတွေ့အကြုံများမှာ မွေးလာကတည်းကရှိခဲ့၏။ ပက်လက်နေရာက မှောက်ဖို့ကြိုးစားနေသော ကလေးတစ်ဦးကိုကြည့်လျှင် အကြိမ်ကြိမ် ကြိုးစားနေရကြောင်း တွေ့နိုင်ပါသည်။ တစ်ကြိမ်စမ်းသပ်၍ မှောက်ကြည့်သည်။ မရ။ နှစ်ကြိမ် သုံးကြိမ် အကြိမ်ကြိမ် စမ်းသပ်ကြည့်ပြီးမှ ကျော်လွှားရသော ကျွမ်းကျင်မှုဖြစ်ပါသည်။ မှားမှာကြောက်၍ မမှောက်ဘဲပြုလျှင် တစ်သက်လုံး ပက်လက်နေသွားရဖို့သာ ရှိလေသည်။

**လက်ဦးဆရာမိဘတို့၏ စောင့်ရှောက်ခြင်း**

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ကြိုးစားအားထုတ်မှုများသည် အရိပ်တကြည့်ကြည့်နေရသော လက်ဦးဆရာမိဘတို့၏စောင့်ရှောက်ခြင်းကြောင့်ပို၍အားရှိလာ၊ပို၍ကြိုးစားလာကြရပါသည်။ ထိုင်ရာမှ မတ်တပ်ရပ်ဖို့ ကြိုးစားလာသောအခါတွင် ဘေးနားမှာနေ၍ "ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့" ဟု လက်ခုပ်လက်ဝါးတီးကာ အားပေးနေခဲ့သော မိဘဆွေမျိုးများကြောင့် အောင်မြင်မှုရလဒ်များကို အတွေ့အကြုံအဖြစ် စတင်ခံစားမိစေပါသည်။

မွေးကင်းစမှ အဆင့်ဆင့်ဖွံ့ဖြိုးမှုဖြစ်စဉ်(Mile stones) များသည် ကလေးတိုင်း မဖြစ်မနေဖြတ်သန်းခဲ့ရသော်လည်း တစ်ကိုယ်တည်း အထီးကျန်ရုန်းကန်ရသော ကလေးငယ်နှင့် လူ့အသိုင်းအဝိုင်းမှ ထောက်ကူအားပေးခံရသော ကလေးငယ်မှာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုချင်းကွာသည်။ "Sense of Community" ခေါ်သည့် လူ့အဖွဲ့အစည်းကြောင့် ခံစားကြရသောကြောင့်ဖြစ်ပါသည်။

"သိလျက်နှင့်ပင် ဝိပါက်ကြမ္မာငင်သည်" ဟူ၍သာ ဆိုရပေတော့မည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သော အသိပညာများသည် မိမိတို့ကိုယ်တိုင် ကျန်းမာဖို့၊ မိမိတို့ လူ့အဖွဲ့အစည်း မထိခိုက်အောင် တာဝန်ယူဖို့ကိစ္စများတွင် အသုံးချရန် သတိမရှိကြတော့သည်ကို တွေ့နေရ၏။ အမေရိကန်တို့နည်းတူ ဥရောပတိုက်မှ နိုင်ငံကြီးတော်တော်များများတွင်လည်း ထိုနည်းအတိုင်းပင်။ ကပ်ရောဂါကျရောက်လာခဲ့သည်မှာ နှစ်နှစ်ကျော်လာပြီဖြစ်သော်လည်း တစ်ကိုယ်ကောင်းဆန်လှသော လူသားများကြောင့် ပို၍ပို၍ဆိုးလာနေ၏။

နိုင်ငံတိုင်းအတွက် အမျိုးသားရေးတာဝန်၊ ကမ္ဘာသားတိုင်းအတွက် "ကမ္ဘာ့အရေးတာဝန်"များကို ဦးစားပေး ခွဲဝေထမ်းဆောင်ကြခြင်းမရှိသရွေ့ ကပ်ရောဂါဝဲဂယက်ထဲတွင် စုံးစုံးမြုပ်ကြဖို့ရှိပါသည်။

> **"ယနေ့ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်လာသောအခါ "တစ်ကိုယ်ရေကျန်းမာရေးသတိ" သည် အသက်တမျှအရေးကြီးလာပါ၍ နှာခေါင်းစည်းတပ်ဖို့၊ လက်ဆေးဖို့၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေခွာ၍ နေဖို့၊ လူစုလူဝေးထဲမသွားဖို့ ကိစ္စရပ်များသည် မေ့၍မရ။ မေ့သည့်အချိန်၊ သတိလွတ်သွားသည့်အချိန်တွင် မမြင်ရသောရောဂါပိုးသည် အလွယ်တကူ လေထဲမှဝင်ကာ သေသည်အထိ ဒုက္ခပေးနိုင်"**

အားရှိသောခံစားချက်နှင့်အတူ အပြန်အလှန် အကျိုးပြုမှု (Interdependence) နှင့် လူမှုတာဝန်များကို တဖြည်းဖြည်းနားလည်လာခဲ့လေသည်။ အထူးသဖြင့် အရှေ့တိုင်းယဉ်ကျေးမှုသည် "အတ္တ-ပရ မျှတမှု" အပေါ် အခြေခံသဖြင့် တစ်ကိုယ်ကောင်းဆန်ဆန် လွတ်လပ်လွန်းစွာ ကြီးပြင်းလာသော အနောက်တိုင်းသားများနှင့် ကွဲပြားမှုများရှိလာပါသည်။

"သင့်လက်ကို လွတ်လပ်စွာလှုပ်ရှားနိုင်ပါသည်။ သို့သော် သူများနှာခေါင်းကို မထိခိုက်မိအောင် သတိထားဖို့လိုပါသည်" ဟူ၍ ထိန်းချုပ်နေရခြင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အကြိမ်ကြိမ်ကြုံနေရလေသည်။

"နှာခေါင်းစည်းမတပ်ဘူး"၊

"ကာကွယ်ဆေးမထိုးဘူး"၊

"အိမ်ထဲမှာပဲ Stay at home မနေဘူး" ဟူသော ကြွေးကြော်သံများ၊ ဖီဆန်မှုများနှင့်အတူ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူပေါင်းသန်းရှစ်ဆယ်လောက် ကူးစက်ခံရပြီး လူရှစ်သိန်းခန့် သေခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယနေ့ထက်တိုင် လူ့အခွင့်အရေးပေတံနှင့်တိုင်းတာ၍ ကူးစက်ရောဂါတားမြစ်ရေးဆိုင်ရာ စည်းကမ်းဥပဒေများကို တမင်သက်သက်ဆန့်ကျင်ကြလျက်ရှိ၏။ အသိပညာမဲ့၍မဟုတ်။ "လွတ်လပ်လွန်းသော တစ်ကိုယ်ကောင်းစိတ်" ကို ထိပါးလာသည်ဟု ကျန်းမာရေးအသိများ ရှိကြသော်လည်း ကျန်းမာရေးသတိမရှိကြခြင်းသည် အခြေခံအကြောင်းရင်းပင်ဖြစ်တော့၏။

- ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် ကူးစက်တတ်ကြောင်း သိကြ၏။ သို့သော် သတိမရှိ။
- ဗိုင်းရပ်စ်ပိုးသည် လေထဲတွင်ပျံ့နှံ့ကြောင်း သိ၏။ သို့သော် နှာခေါင်းစည်းကို စနစ်တကျတပ်ဖို့ သတိမရှိ။
- ရောဂါမကူးရန်အတွက် လူတစ်ယောက်နှင့်တစ်ယောက် ခြောက်ပေလောက်ခွာ၍နေရမည်ကိုသိ၏။ သတိမရှိ။
- လက်ကိုဆပ်ပြာနှင့် ရေသန့်သန့်ဖြင့် ဆေးခြင်းဖြင့် ရောဂါပိုးအကူးမခံရရန် ကာကွယ်နိုင်ကြောင်းသိ၏။ သတိမရှိ။

"သတိမရှိသူသည် သေသည်နှင့်တူ၏" ဟူသည့် ဆုံးမစကားသည် ကိုဗစ်-၁၉ ကပ်ရောဂါ ခေတ်တွင် တကယ်ဖြစ်လာ၏။ သေလူနှင့်တူရုံမက ကိုဗစ်-၁၉ ရောဂါကူးခံရ၍ မုချသေသွားသူများမှာ ခြောက်သန်းနီးပါးရှိသွားပေပြီ။

"အပ္ပမာဒေန သမ္ပာဒေထ" ဟု ဘဝနေနည်းလမ်းညွှန်ချက်သည် ဗုဒ္ဓဘာသာဝင်များမှသာမဟုတ်။ ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့်ဆိုင်၏။ "သတိ"ကို တည်ဆောက်ဖို့အတွက် ဘာသာအမျိုးမျိုးမှာ နည်းလမ်းအမျိုးမျိုးရှိကြပါသည်။

ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရပြီး မသေလျှင်လည်း စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာများ ကာလတာရှည်ခံစားရ၏။ ရောဂါမရသည့်တိုင် ကပ်ရောဂါဟုသိရသည့်အချိန်မှစ၍ ယနေ့အထိ စိုးရိမ်စိတ်များဖြင့်နေကြရ၏။ ထိုအခါကျမှ " သတိ" ကို ဖြစ်စေမည့် နည်းလမ်းများအကြောင်းကို ဆိုရှယ်မီဒီယာများထဲတွင် ပလူပျံနေအောင်တွေ့ရ၏။ ကောင်းသောအကြံပြုချက်များဖြစ်၍ သာဓုခေါ်ပါ၏။

သို့သော် "သတိကိုဖြစ်စေသော စိတ်၏ကျင့်စဉ်များ"ကို တစ်နေ့တစ်ရက်နှင့် ထူထောင်၍မရ၊ ဆေးမြီးတိုမဟုတ်ကြောင်း လက်တွေ့လုပ်ကြည့်မှ သိနိုင်ပေလိမ့်မည်။ အချိန်ယူရ၏။ အားထုတ်အလုပ်လုပ်မှရ၏။

**မျှတသောအာဟာရကို သုံးဆောင်ခြင်း**

ကျန်းမာလိုသူများအတွက် " ဆောင်သုံးဆောင်" အဖြစ် အကြံပြုထားသည့် အချက်သုံးချက်တွင် အခြေခံကျသော "မျှတသောအာဟာရကို သုံးဆောင်ခြင်း" သည် လွယ်မယောင်နှင့်ခက်ပါသည်။ မည်သည့်အစားအစာသည် မည်မျှအာဟာရရှိပြီး မည်ကဲ့သို့သုံးဆောင်ရမည်ကို ပညာပေးထားသည်မှာ ပြည့်လျှံနေသော်လည်း လက်တွေ့တွင် မိမိတို့လက်လှမ်းမမီနိုင်သော ကိစ္စရပ်များ၊ မိမိတို့ကိုယ်တိုင်မဖြေရှင်းနိုင်သောကိစ္စရပ်များရှိပါ၏။

ယာခင်းထဲမှစ၍ ထမင်းပန်းကန်ထဲအထိ စားသုံးသူဖြစ်သော မိမိတို့ကိုယ်တိုင်မသိသော ကိစ္စများမှာ များပြားလှပါသည်။ ထိုအထဲတွင် ဥပမာတစ်ခုအနေဖြင့် စံကိုက်အလေးတင်းတောင်း၊ အိုးခွက်ပန်းကန်၊ ဇွန်း စသည်တို့၏ အရေးပါမှုကို "ဒုတိယသာလွန်" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားထားခဲ့ပြီးဖြစ်ပါသည်။

ကိုယ့်အားကိုယ်ကိုး၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သော အချက်နှစ်ချက်ကိုမူ ကြိုးစားဆောင်ရွက်စေချင်ပါသည်။ "ကိုယ်လက်လှုပ်ရှား အားကစားလုပ်ဆောင်ခြင်း" နှင့် "သတိကိုဖြစ်စေသော စိတ်၏ကျင့်စဉ်များကို လုပ်ဆောင်ခြင်း" များသည် အချိန်အခါ အခြေအနေမရွေး ဆီလျော်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်ဖြစ်၍ မမေ့မလျော့ ဆောင်ရွက်ဖို့လိုပါသည်။

ထင်းခွေရေခပ်ခြင်း၊ ခြေလျင်တောင်တက်ခရီးသွားခြင်းတို့အပြင် ရှေးရိုးအစဉ်အလာ ကိုယ်ခံပညာများ ပုံမှန်လေ့ကျင့်ခြင်းအထိ အားကစားလုပ်ငန်းအဖြစ်လည်းကောင်း၊ နိစ္စဓူဝတာဝန်အဖြစ်လည်းကောင်း အကျိုးရှိရုံမက ကိုယ်လက်ကြံ့ခိုင်မှုနှင့်တွဲ၍ စိတ်ဓာတ်ကြံ့ခိုင်မှု ထူထောင်ခြင်းကိုပါ ပြုလုပ်ပြီးသားဖြစ်၍သွားလေသည်။ အိမ်မှုကိစ္စရေးဆောင်ရွက်ခြင်းနှင့် စိတ်ကျင့်စဉ်များကိုတွဲ၍ အမြဲပြုလုပ်ခြင်းဖြင့် အဆင့်မြင့်သော ပုထုစဉ်ဘဝမှ မိမိတို့အလိုရှိရာ ကမ္မဋ္ဌာန်း၊ ဝိပဿနာများ၊ အလုပ်များအတွက် ဆရာကောင်းများ၏ လမ်းညွှန်ချက်ကို အလွယ်တကူ နားလည်လုပ်ဆောင်နိုင်ကြောင်း သာဓကများစွာရှိပါသည်။

တောင်မြို့ မဟာဂန္ဓာရုံကျောင်းတွင် စာသင်သားများအတွက် စည်းကမ်းချက်ချမှတ်ထားရာမှာ "စိတ်ကောင်းရှိဖို့က ပထမ" ဟု တိကျစွာ ဦးစားပေးထားပါသည်။ လွန်ခဲ့သော နှစ်ပေါင်းငါးရာအတွင်း "စိတ်ကောင်းမရှိသော ပညာတတ်များ" ၏ လက်ထဲတွင် အလွဲသုံးလိုက် သော သိပ္ပံပညာရပ်များကြောင့် ကမ္ဘာလောကကြီးသည်ပျက်စီးလုမတတ်ဖြစ်ခဲ့သည်ကို သင်ခန်းစာယူသင့်၏။ ရာသီဥတုပျက်စီးပြောင်းလဲခြင်းနှင့် ကပ်ဆိုးများ ကျရောက်ခြင်း ဖြစ်ရပ်များမှာ "တစ်ကျော့နှစ်ကျော့တေးကိုသီ" ဖြစ်နေသည်ဟုဆိုရမလိုပင်။

**စိတ်ကောင်းရှိဖို့က ပထမ**

ထိုအခြေအနေများကို ရင်ဆိုင်ဖို့ အသိပညာရှိရုံနှင့် မလုံလောက်ဘဲ ကျန်းမာလိုလျှင် ကျန်းမာရေးသတိရှိရပါမည်။ ထိုသတိကိုဖြစ်စေမည့်စိတ်ကိုကောင်းနေစေရန် နည်းလမ်းအမျိုးမျိုးသုံး၍ ကျင့်ကြံလုပ်ဆောင်ရပါသည်။ ဒုစရိုက်ဆယ်ပါးကို မမှားစေရန်၊ ကံသုံးပါးလုံးမှ လုံခြုံစေရန်မှာ အခြေခံအကျဆုံး "စိတ်ကောင်းရှိဖို့က ပထမ" ဖြစ်ပြီး ထိုစိတ်ကောင်းကို အခြေပြုကာ ဝစီကံ၊ ကာယကံအမှုတို့ကို သတိထား၍ ပြုလုပ်သွားခြင်းဖြင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်းတို့ကို ဖြစ်ပေါ်စေမည်မှာသေချာ၏။

ကျွန်တော်တို့ရုံးမှ ပန်းချီအဖွဲ့၏ ရုံးခန်းနံရံတွင် ချိတ်ဆွဲထားသော စာသားကလေးကို မျှဝေ၍ပေးလိုပါသည်။

" ချစ်သားအာနန္ဒာ
မပြောခင်အရင်စဉ်းစား
ပြောပြီးပြန်စဉ်းစား" ဟူသော ဆုံးမစကားလေးပင်။ မြတ်စွာဘုရားက အာနန္ဒာမထေရ်ကို ဆုံးမခဲ့သော စကားပင်ဖြစ်ပါသည်။ ဤနေရာ၌ ဝစီကံအမှုကိုပြုရာတွင်ပင် သတိချပ်စေဖို့ အရေးကြီးကြောင်း သိသာ၏။ ဓာရဏပရိတ်တော်တွင်ပါရှိသည့် မြတ်စွာဘုရား၏ "အာဝေဏိက" ဂုဏ်တော်များကို ညွှန်းဆိုလိုပါသည်။ "ဝစီဘေဒ၊ ထိတိုင်းရှ" မဖြစ်အောင်၊ နှုတ်ကျွံလျှင် နုတ်မရဖြစ်အောင် ရိုးရာအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုပါတော့၏။

ယနေ့ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်လာသောအခါ "တစ်ကိုယ်ရေ ကျန်းမာရေးသတိ" သည် အသက်တမျှအရေးကြီးလာပါ၍ နှာခေါင်းစည်း တပ်ဖို့၊ လက်ဆေးဖို့၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေခွာ၍ နေဖို့၊ လူစုလူဝေးထဲမသွားဖို့ ကိစ္စရပ်များသည် မေ့၍မရ။ မေ့သည့်အချိန်၊ သတိလွတ်သွားသည့်အချိန်တွင် မမြင်ရသောရောဂါပိုးသည် အလွယ်တကူ လေထဲမှဝင်ကာ သေသည်အထိ ဒုက္ခပေးနိုင်ပါသည်။

ရောဂါမရသည့်တိုင် ကမ္ဘာကြီးတစ်ခုလုံး တုန်လှုပ်ချောက်ချား၍နေပါပြီ။ လူသားသန်းပေါင်း လေးရာနီးပါး ရောဂါကူးစက်မှုဖြစ်ရုံမက ခြောက်သန်းခန့်သေကျေစေသော ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီးသည် လူတို့သာမက ခြင်္သေ့ကဲ့သို့ တိရစ္ဆာန်များ၊ မြွေပါများ၊ ကြွက်များ၊ ပူးများအထိ ကူးစက်ပျံ့နှံ့နေရာမှ ဗီဇမျိုးကွဲများလည်း တစ်မျိုးပြီး တစ်မျိုး မရိုးနိုင်အောင် ထွက်လာလျက်ရှိနေပါသည်။

၂၀၂၀ နှစ်ဆန်း ကပ်ရောဂါစဖြစ်ခါစက အပြင်ကို မထွက်ကြဘဲ အိမ်တွင်းအောင်းနေဖို့(Stay at home) နှင့်လုံလောက်သည်ဟု ထင်နေသော်လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းမှစ၍ အိမ်ထဲတွင် နေသောသက်ကြီးရွယ်အို ရွှေနိုင်ငံသားများ (Golden Citizens) ကို သေကျေစေခဲ့ပါသည်။ မိသားစုဝင်များမှတစ်ဆင့် အိမ်အပြင်မှ ရောဂါပိုးများ အိမ်ထဲသို့ ဝင်လာရာတွင် ကာကွယ်ရေးသတိလစ်ဟာမှုများ ရှိခဲ့ပါသည်။

လောလောဆယ် ကိုဗစ်-၁၉ မျိုးကွဲ "အိုမီခရွန်" ဝင်လာပုံသည် အလွန်မြန်နေပြီး နယ်စပ်ကို ဖြတ်ကျော်ကာ မိသားစုအတွင်း၊ ရပ်ရွာအတွင်း ကူးစက်ပျံ့နှံ့မှုများကို စတင်တွေ့ရှိနေပြီ ဖြစ်ပါသည်။

သိထားသည်များကို ကျင့်ကြံနိုင်ရန်အတွက် ကျန်းမာရေးသတိ အမြဲရှိကြဖို့မှတစ်ပါး အခြားမရှိပြီ။ ။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကံဦးကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ရွှေဘို ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိ တက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိရွာမကျောင်းတိုက်နှင့် ဘူးသီးတောင်မြို့နယ်ရှိ နန္ဒဝန်တပ်ဦးကျောင်းတိုက်များသို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရပ်တော်မူကျောင်းတိုက်သို့လည်းကောင်း၊ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲတို့ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သာသနာ့ရောင်ခြည်ကျောင်းတိုက်ရှိ သံဃာတော်များကို ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများ လှူဒါန်းသည်။

အလားတူ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်းဦးနှင့် မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးညာဏ်မျိုးတို့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်–၁၉ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်သားဖြင့်ပြုလုပ်ထားသည့် မြန်မာမှုအနုပညာလက်ရာ အိမ်သုံးပစ္စည်းများ ပြည်တွင်းဈေးကွက်တွင် အရောင်းသွက်

**မန္တလေး ဖေဖော်ဝါရီ ၆**

သစ်သားဖြင့်ပြုလုပ်ထားသည့် မြန်မာမှုအနုပညာလက်ရာ အိမ်သုံးပစ္စည်းများ ပြုလုပ်ရောင်းချနေရာ၌ ပြည်တွင်းဈေးကွက်တွင် အရောင်းသွက်နေကြောင်း သပိတ်ကျင်းမြို့နယ်မှ မြန်မာမှုအနုပညာလက်ရာ အိမ်သုံးပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင် ဒေါ်ပြည့်ပြည့်က ပြောသည်။



သစ်သားဖြင့်ပြုလုပ်သည့် မြန်မာမှုအနုပညာလက်ရာ အိမ်သုံးပစ္စည်းများကို ပြည်တွင်းဈေးကွက်သို့ ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနေကြောင်း၊ ထုတ်လုပ်ရာတွင်လည်း အမျိုးအမည်အလိုက် ပစ္စည်းမျိုးစုံပြုလုပ်၍ ရောင်းချပေးကြောင်း၊ ဈေးကွက်အတွင်းသို့ ရောင်းချပေးရာတွင် ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းမှာငွေကျပ် ၁၀၀၀ ကျော်မှ ကျပ် ၁၀ သိန်းအထိရှိကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်း၌ အွန်လိုင်းမှတစ်ဆင့် မှာယူသူများရှိခြင်းကြောင့် အရောင်းသွက်နေကြောင်း သိရသည်။

သစ်သားဖြင့်ပြုလုပ်ပြီး ဈေးကွက်အတွင်း ရောင်းချနေသည့် မြန်မာလက်မှုအနုပညာပစ္စည်းများမှာ ဘုရားပလ္လင်၊ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ကော်ဖီခွက်၊ ငရုတ်ဆုံ၊ စဉ်းတီတုံး၊ ရေနွေးကြမ်းခွက်၊ လက်ဖက်အစ်ခွက်၊ တူဘူး၊ သွားကြားထိုးတံထည့်ဘူး၊ ဇွန်း၊ ယောက်မ၊ ဆွမ်းတင်ကလပ်၊ ဘုရားပန်းအိုး၊ ဘောပင်ထည့်ဘူး၊ ဇွန်းထည့်ဘူး၊ ထမင်းအုပ်၊ ကျန်းမာရေးခြေနင်းခွက်၊ ဆေးလိပ်ပြာခွက် စသည်ဖြင့် လူသုံးကုန်အိမ်သုံးပစ္စည်းများကို ရောင်းချပေးလျက်ရှိကြောင်း၊ ထို့ပြင် သစ်သားဖြင့်ထုတ်လုပ်သည့် မြန်မာမှုအနုပညာလက်ရာ အိမ်သုံးပစ္စည်းများကို ဈေးရောင်းပွဲပြုလုပ်၍ ခင်းကျင်းပြသရောင်းချသွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Infusion ၁၆၄၉၆ ခု၊ Syringe ၁၃၈၃၀၊ Glucose Injection ၃၉၈၄၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၄-၂-၂၀၂၂ ရက်နေ့မှအဆက်**

လူတစ်စုသည် တံခါးကို တဝုန်းဝုန်း ထုနေကြသည်။ များစွာသိသာသဲကွဲခြင်း မရှိသောစကားကို တစ်ယောက်တစ်ပေါက် ဆူညံစွာပြောနေကြသည်။ ထိုအထဲတွင် "မာစတာ" ဆိုသောစကားကို ကြားနေရသည်။

"ဂျပန်တွေပဲ ထွန်းခင်"

ဦးအောင်ခန့် ဆိုသည်။

ဂျပန်ဆိုသော အသံကြောင့် ကိုထွန်းခင်၏မျက်နှာမှာ ဖြူရော်သွားလေသည်။ တံခါးကို ပို၍ထုကြသည်။ ကိုယ်စောင်းတိုက်ကြသည်။ အသံများမှာ တဝုန်းဝုန်းတဒိုင်းဒိုင်း ဆူညံနေသည်။ အကယ်၍ ဖွင့်မပေးလျှင် တံခါးပျက်သည်အထိ ဖျက်ဆီးကြမည့်ပုံမျိုး။

"ဘယ်လိုလုပ်ကြမလဲဆရာ"

ကိုထွန်းခင်မေးသည်။ ဦးအောင်ခန့်သည် တွေ၍ စဉ်းစားနေသည်။

"ကိုင်း မထူးပါဘူးကွာ ဖွင့်သာပေးလိုက်။ ဩော်၊ နေဦး။ မင့်လက်ထဲက သေနတ် ငါ့ကိုပေးထား"

ကိုထွန်းခင်သည် သေနတ်ကို ဦးအောင်ခန့်ထံ လှမ်းပေးသည်။ ဦးအောင်ခန့်သည် သေနတ်တစ်လက်ကို ခါးတွင်ထိုးကာ ကုတ်အင်္ကျီဖြင့် ဖုံးသည်။ တစ်လက်ကိုမူ ကျောဘက်တွင် ဝှက်ထားလိုက်သည်။ ကိုထွန်းခင်က တံခါးကို ဖွင့်ပေးလိုက်သည်။ ဂျပန်စစ်သားများကို တွေ့ရသည်။ အားလုံးပေါင်းလေးယောက်ဖြစ်သည်။ အားလုံးပင် မူးနေကြသည်။ သူတို့တွင်လက်နက်မပါ။ လက်ချည်းသက်သက်သာဖြစ်သည်။

"ဘာကိစ္စလဲ မာစတာ"

ကိုထွန်းခင်က ရိုကျိုးသော အမူအရာဖြင့် မေးသည်။

ဂျပန်များသည် ဗမာစကားကို နားလည်ပုံမရကြ။ အိမ်အတွင်း ရောက်လာပြီဆိုကတည်းက နေရာအနှံ့အပြားသို့ ကျီးကန်းတောင်းမှောက် ကြည့်ကြသည်။


"မိန်းမ၊ မိန်းမ"

သူတို့သည် ယင်းစကားလုံးကိုမူ အခါခါပြောဖူးဟန်ဖြင့် ပီပီသသဆိုကြသည်။

"မိန်းမ မရှိဘူးမာစတာ။ ဒီအိမ်မှာ မိန်းမ မရှိဘူး"

ကိုထွန်းခင် ပျာပျာသလဲဆိုသည်။

ဂျပန်တစ်ယောက်က ကိုထွန်းခင်၏ ရင်ဘတ်အင်္ကျီကို စုစ္ဆွဲကိုင်သည်။




"မိန်းမ၊ မိန်းမ"

ကိုထွန်းခင်သည် ကြောက်ရွံ့ထိတ်လန့်ခြင်းကို ပိုမိုခံစားရဟန်ဖြင့် ခေါင်းကို တွင်တွင်ခါပြသည်။

ဂျပန်များသည် ပို၍မကျေမနပ်ရှိလာပုံရသည်။

"ခူးရား၊ ဘတ်ကရိုး" စသောစကားများဖြင့် ဆဲရေးလျက် ကိုထွန်းခင်ကို တွန်းလွှတ်လိုက်သည်။

ကိုထွန်းခင်သည် ကြမ်းပြင်ပေါ်သို့ ပုံလျက်လဲကျသွားသည်။

ဦးအောင်ခန့်သည် အံကိုတင်းတင်းကြိတ်ထားသည်။ ဂျပန်များကို မီးထွက်မတတ် ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေသည်။ သူသည် အထက်ထပ်သို့တက်ရာ လှေကားတိုင်ကို ကိုင်ရင်း ရပ်နေခဲ့ခြင်းဖြစ်သည်။

ဂျပန်များသည် အောက်ထပ်ရှိအခန်းများသို့ တစ်ခန်းပြီးတစ်ခန်း ဝင်ကြည့်သည်။

"ဘယ်လိုလဲဟေ့ ထွန်းခင်။ တို့တိုင်းပြည် လွတ်လပ်ပြီဆိုပြီး အားလုံးလွတ်လွတ်လပ်လပ်လုပ်ချင်ရာ လုပ်ခွင့်ရနေပြီလား။ တို့တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်ဖြစ်နေပြီလား"

သူက မကျေမချမ်း ရေရွတ်နေသည်။ အောက်ထပ်ရှိ အခန်းစုံနှံ့ခဲ့ပေပြီ။ သူတို့အလိုရှိသောအရာကို မတွေ့ရ။ သည်တွင် ဂျပန်များအထက်ထပ်သို့ လှမ်းကြည့်စပြုလာသည်။ အထက်ထပ်သို့ တက်ရန် တာစူလာသည်။ သူတို့သည် လှေကားရင်းမှာ မတ်မတ်ရပ်လင့်နေသော ဦးအောင်ခန့်၏ အသွင်အပြင်မှာ ကိုထွန်းခင်နှင့် များစွာခြားနားနေ၍ လည်းကောင်း၊ ရပ်သွင်က လေးစားခံ့ညားဖွယ်ဖြစ်နေ၍ လည်းကောင်း ရုတ်တရက် ဖြတ်ကျော်တက်ရောက်ရန် ရဲဝံ့ခြင်းမရှိ။ လေးယောက်တန်းစီလျက် ဦးအောင်ခန့်ကို အကဲခတ်သလို ကြည့်နေသည်။

၎င်းတို့အထဲမှ တစ်ယောက်က သူ့ကိုယ်သူ လက်နှင့် ပုတ်ပြသည်။ "မာစတာ" ဆိုကာ လက်ညှိုး နှစ်ချောင်းကို ပူးပြသည်။ "မိန်းမ"ဟု ဆိုသည်။ မိန်းမနှင့်အတူ နေချင်သည်ဆိုသောသဘော။ ဦးအောင်ခန့်၏ မျက်နှာမှာ ပိုမိုတင်းမာလာသည်။

ကိုထွန်းခင်သည် ဦးအောင်ခန့်၏ နံဘေးသို့ ရောက်လာသည်။

"ကဲ... ဆရာ မထူးတော့ဘူး"

ဦးထွန်းခင်၏မျက်နှာထားမှာလည်း တင်းမာလာသည်။ စင်စစ် သူသည် သတ္တိကြောင်လှသူတစ်ဦးတော့မဟုတ်။

အသက်ကလည်း ထောက်လာသည်။ လက်နက်ဆန်းများ၏ အံ့မခန်း အစွမ်းသတ္တိများကိုလည်း မြင်ခဲ့ရသည်။ သွေးသံရဲရဲရှုခင်းများကိုလည်း အကြိမ်ကြိမ်တွေ့ခဲ့ရသည်။ ထို့ကြောင့် သူသည် သွေးကြောင်နေခဲ့သည်။ ယခုမူ သူ့တွင် သတ္တိများ အလိုလိုရရှိလာဟန်တူပေသည်။ ဘာမဆိုရင်ဆိုင်ရန် သန္နိဋ္ဌာန်ချခဲ့ပုံရသည်။

"ဒီအိမ်မှာ လူကောင်းတွေနေနေတာ မိန်းမလိုချင် တခြားကိုသွား"

ဦးအောင်ခန့်၏ အသံပေါ်လာသည်။ အတော်ချည်း ကျယ်လောင်သွားသည်။ သူသည် ခြေဟန်လက်ဟန်ဖြင့် ဂျပန်များကို မောင်းထုတ်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူသည် ကုတ်အင်္ကျီစကို ဆွဲဖယ်လိုက်သည်။ ခါးကြားမှသေနတ်ကို ဂျပန်တို့အား မြင်စေသည်။ ကျောနောက်မှာ ဝှက်ထားသော လက်ကို ထုတ်လိုက်သည်။ ထိုလက်တွင်လည်း သေနတ်ရှိနေသည်။ သေနတ်ကို ကိုထွန်းခင်အား လှမ်းပေးလိုက်သည်။

"ဘာကောင်တွေပဲဖြစ်ဖြစ် ရုတ်ရုတ်သဲသဲလုပ်လာရင် ပစ်သာပစ် ထွန်းခင်"

ဦးအောင်ခန့် အမိန့်ချမှတ်သည်။

ဂျပန်များသည် သေနတ်ကိုမြင်သောအခါ ခြေလှမ်းတုံ့သွားသည်။ သူတို့အချင်းချင်း "တကွဲကွဲ တကွကွ" ပြောနေကြသည်။ သေနတ်များကိုတွေ့ရသည့်အတွက် ချောက်ချားဟန်မပြ။ ကြောက်ရွံ့ပုံမပေါ်။ မခန့်လေးစား မထီတရီ အမူအရာမျိုးရှိကြသည်။

ဂျပန်တစ်ယောက် ထွက်လာသည်။ တစ်စုံတစ်ရာပြောသည်။ သူ့စကားကို ဦးအောင်ခန့်တို့ နားမလည်။ ခြေဟန်လက်ဟန်အရ သေနတ်ကို တောင်းနေခြင်းဖြစ်သည်။ သူက တစ်စထက်တစ်စ ရှေ့သို့တိုးလာရာ ဦးအောင်ခန့်သည် သေနတ်ကို ထုတ်ယူလိုက်သည်။ ထိုသူ၏ ရင်ဘတ်သို့ တည့်တည့်မတ်မတ် ချိန်လိုက်သည်။

ဦးအောင်ခန့်သည် အေးစက်မာကျောစွာ ပြုံးရင်းခေါင်းကို ယမ်းခါပြလိုက်သည်။ သူ၏မျက်စိအစုံမှာ ကျဉ်းမြောင်းနေသည်။ မေးကြောများ ထောင်ထလာသည်။ တကယ်တမ်း ရက်ရက်စက်စက် လုပ်မည့်အသွင်သဏ္ဍာန် ပေါ်ပေါက်နေသည်။

ဂျပန်လို ဆဲရေးသံများ ပေါ်လာပြန်သည်။ ဂျပန်သည် ဦးအောင်ခန့်၏ တကယ်တမ်း ရက်စက်တော့မည့်ဟန်ကို နားလည်ပုံရသည်။ ရှေ့သို့ တိုးမလာလေတော့။

ခေါင်းဆောင် ဂျပန်သည် သူတို့အသိုက်ထဲ၌ ရာထူးကြီးမြင့်ပုံရသည်။ ကျန်သုံးယောက်မှာ သူ့စကားကို နားထောင်ရသည်။

ဂျပန်သည် ဦးအောင်ခန့်အား အမျိုးမျိုး ကြိမ်းမောင်း ခြိမ်းခြောက်သည်။ သို့ပေမဲ့ ထိုစကားများအထဲမှ တစ်လုံးတလေကိုပင် ဦးအောင်ခန့်တို့ နားလည်နိုင်ခြင်းမရှိ။ ထို့ကြောင့်ပင် ကြောက်ရွံ့ရကောင်းမှန်းလည်း မသိ။

အဆုံးတွင်မူ ဂျပန်များသည် လက်လျှော့လိုက်ဟန်တူသည်။ အောင်မြင်စွာ ပြန်လည်ဆုတ်ခွာမည့် အရိပ်အသွင်များ ပေါ်လာသည်။ သို့တိုင်အောင် အေးအေးဆေးဆေး ပြန်သွားခြင်းကား မဟုတ်။ တွေ့ရသမျှသော အရာများကို ပစ်ပေါက်သွားကြသည်။ ကန်ကျောက်သွားကြသည်။

ဂျပန်များ၏ အရိပ်အယောင် ရေနံ့သာရှေ့မှ ပျောက်ကွယ်သွားမှပင် ဦးအောင်ခန့် သက်ပြင်းရှိုက်သည်။ တင်းထားသမျှသော အကြောအခြင်များကို လျှော့ချလိုက်သည်။

"တံခါးပိတ်လိုက်တော့ ထွန်းခင်"

ကိုထွန်းခင် တံခါးပိတ်သည်။

ယင်းအချိန်တွင် အထက်ထပ်မှ ခင်ခင်ကြီးတို့ ဆင်းလာကြသည်။ သူတို့သည်လည်း ယခုမှပင် သက်ပြင်းရှိုက်နိုင်ကြဟန်တူသည်။ စောစောကဆိုလျှင်တော့ အခန်းထဲတွင် အသက်မရှူရဲဘဲ ပုန်းအောင်းနေကြရသည်။ အောက်ထပ်မှ အသံဗလံများကို နားစွင့်ကာ တုန်လှုပ်နေကြသည်။ ချောက်ချားနေကြရသည်။ အထူးသဖြင့် အစေခံမိန်းကလေး နှစ်ယောက်မှာ ပျာယာခတ်နေကြသည်။ ခင်ခင်ကြီး ကိုယ်တိုင်လည်း ကြောက်ရွံ့ထိတ်လန့်မှုကို ခံစားရသည်ပင်။ သို့ပေမဲ့ ကိုယ့်ထက်ကြောက်နေသူများနှင့် ကြုံဆုံရလေတော့သည်။ ဣန္ဒြေဆည်နေရသည်။ မျက်နှာမပျက်အောင် ထိန်းထားရသည်။ ဂျပန်များထွက်သွားလေပြီဆိုသောအခါမှ သက်ပြင်းရှိုက်ရသည်။ အောက်ထပ်သို့ ဦးဆောင်၍ ဆင်းလာခဲ့သည်။ အဖြစ်အပျက်ကို မေးမြန်းရသည်။

ခင်ခင်ကြီးသည် ကြားရသော စကားများအရ မိမိတို့အား ကယ်ဆယ်ခဲ့သူမှာ ဖေဖေနှင့် ဦးလေး ကိုထွန်းခင်တို့ဖြစ်ကြောင်း သိရသည်။ သူတို့သာ ထိုအထိ တင်းတင်းမာမာ မပြုခဲ့ပါက မိမိတို့၏ ဘဝမှာ မစဉ်းစားရဲလောက်အောင် နစ်မွန်းသွားနိုင်ကြောင်းများကို တွေး၍ရလာသည်။

"ကိုင်း ... ထွန်းခင်ရေ။ ဘာမှ တွေးမနေနဲ့။ ဘာမှ စဉ်းစားမနေနဲ့။ ဒီအခြေအနေဟာတို့များ ဒီမှာနေလို့ မဖြစ်တော့ဘူးဆိုတာကို ပြတာပဲ"

ငိုင်နေသော ကိုထွန်းခင်အား ဦးအောင်ခန့် လှမ်းပြောသည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ဂျပန်များ၏ အရိပ်အယောင် ရေနံ့သာရှေ့မှ ပျောက်ကွယ်သွားမှပင် ဦးအောင်ခန့် သက်ပြင်းရှိုက်သည်။ တင်းထားသမျှသော အကြောအခြင်များကို လျှော့ချလိုက်သည်။"တံခါးပိတ်လိုက်တော့ ထွန်းခင်" ကိုထွန်းခင် တံခါးပိတ်သည်။ ယင်းအချိန်တွင် အထက်ထပ်မှ ခင်ခင်ကြီးတို့ ဆင်းလာကြသည်။ သူတို့သည်လည်း ယခုမှပင် သက်ပြင်းရှိုက်နိုင်ကြဟန်တူသည်။ စောစောကဆိုလျှင်တော့ အခန်းထဲတွင် အသက်မရှူရဲဘဲ ပုန်းအောင်းနေကြရသည်။ အောက်ထပ်မှ အသံဗလံများကိုနားစွင့်ကာ တုန်လှုပ်နေကြသည်။ ချောက်ချားနေကြရသည်။ အထူးသဖြင့် အစေခံ မိန်းကလေးနှစ်ယောက်မှာ ပျာယာခတ်နေကြသည်။ ခင်ခင်ကြီး ကိုယ်တိုင်လည်း ကြောက်ရွံ့ထိတ်လန့်မှုကို ခံစားရသည်ပင် "**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**✻ ဘိုင်ယန်မြူးနစ်အသင်းမှ**

ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ မူလာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပြီး ၂၇ မိနစ်မှာ အန်ဒရီဆေးလ်ဗားရဲ့သွင်းဂိုးခွင့်ပြုပေးလိုက်ရတာကြောင့် လိုက်ပ်ဇစ်အသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ ပွဲကစားချိန် ၄၄ မိနစ်မှာ လီဝန်ဒိုစကီးက ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းဟာ ပထမပိုင်းပွဲကစားချိန်အပြီးမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီနောက် ဒုတိယပိုင်း ၅၃ မိနစ်မှာ အင်န်ကွန်ကူရဲ့ သွင်းဂိုးနဲ့ လိုက်ပ်ဇစ်အသင်းချေပဂိုးပြန်လည်ရရှိခဲ့ပေမယ့် ပွဲကစားချိန် ၅၈ မိနစ်မှာ လိုက်ပ်ဇစ်ကစားသမား ဂျီဗာဒီယိုးလ်ရဲ့ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသလိုဖြစ်ခဲ့ရာကနေရရှိခဲ့တဲ့ သွင်းဂိုးကြောင့် ဘိုင်ယန်မြူးနစ်အသင်းဟာ လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



ဘိုင်ယန်မြူးနစ်အသင်းရဲ့ လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်ဟာ ဘိုင်ယန်မြူးနစ်အသင်းဂိုးသမား နျူအာအတွက် ဘွန်ဒက်လီဂါပွဲစဉ် ၃၁၀ ပြည့်မြောက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး ဂိုးသမားအိုလီဗာခန်းရဲ့ စံချိန်ကို လိုက်မီခဲ့ပြီလည်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ အမှတ်ပေးဇယား ဒုတိယနေရာက ဒေါ့မွန်အသင်းကို ကိုးမှတ်ဖြတ်ကာ ဇယားထိပ်၌ ဦးဆောင်နိုင်ခဲ့ချိန်မှာ ဒေါ့မွန်အသင်းဟာ တစ်ပွဲလျော့အနေအထားမှာ ရှိနေခဲ့တာဖြစ်ပြီး ဒေါ့မွန်အသင်းဟာ ပွဲစဉ်(၂၁) အဖြစ် အမှတ်ပေးဇယားတတိယနေရာက လေဗာကူဆင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

# ၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား / အမျိုးသမီး လက်ဝှေ့လူရွေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား/ အမျိုးသမီး လက်ဝှေ့လူရွေးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

"ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ လူရွေးပွဲကျင်းပခြင်းဖြစ်ပါတယ်။ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ အားကစားသမား အမျိုးသား ၆၂ ဦးနဲ့ အမျိုးသမီး နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကနေ အကောင်းဆုံးအားကစားသမားများကို ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီလက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်မှာ မတ် ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲကို အမျိုးသား ကိုးဦးနဲ့ အမျိုးသမီး ခြောက်ဦးယှဉ်ပြိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီအတွင်းရေးမှူး ဦးသက်ထွန်းစိုးက ပြောသည်။



ရွေးဦးစွာ အမျိုးသား ၄၉၊ ၅၂၊ ၅၆၊ ၆၀၊ ၆၄၊ ၆၉၊ ၉၁ ကီလိုလူသစ်တန်းနှင့် အလွတ်တန်းပြိုင်ပွဲများ၊ အမျိုးသမီး ၅၂ ကီလိုအလွတ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၄ နှင့် ၆၀ ကီလိုအလွတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပပြီးနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဆုရ အားကစားသမားများနှင့် ကီလိုတန်းအလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယဆုရ အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်မိုး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကျော်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **ဗလစိုး**

# မြန်မာအမျိုးသမီးဘောလုံးအသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် မေလတွင်ကျင်းပမည့် (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လဝန်းကျင် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြီးခဲ့သည့်လကယှဉ်ပြိုင်ခဲ့သည့် ၂၀၂၂ အာရှဖလားအမျိုးသမီးပြိုင်ပွဲအပြီး ရန်ကုန်မြို့သို့ ဇန်နဝါရီလကုန်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း Quarantine ဝင်နေခြင်းဖြစ်သည်။ သတ်မှတ်ရက်ပြီးဆုံးသွားပါက ကစားသမားများကို ရက်အနည်းငယ်ကြာ အနားပေးမည်ဖြစ်ပြီး ယခုလကုန်ပိုင်းတွင် စတင်လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လဝန်းကျင် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည်။ **ကိုညီလေး**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ထုတ်လုပ်သည့် Light Naphtha များကို အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| (၁) | မင်းဘူး | Light Naphtha | ဂါလန် | ၄၅၀၀၀ | ၈-၃-၂၀၂၂ | ၁၂:၀၀ | ၈-၃-၂၀၂၂ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရွှေသရဖီလမ်း၊ မြေကွက်အမှတ်(၂၆၇)ဟု ခေါ်တွင်သော ပေ(၄၅ x ၆၀)အကျယ်အဝန်းရှိ ဒေါ်စန်းမြ [၁၂/ဥကတ(နိုင်)၀၂၀၁၉၇]အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၂၆၆)နှင့် ကပ်လျက်ဘက်ခြမ်း ပေ(၂၅ x ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဖခင်ဦးသော်တာနှင့် မိခင်ဒေါ်စန်းမြ ကွယ်လွန်ပြီးဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သူ (၁) ဦးဘုန်းမြင့် [၁၂/ဥကတ(နိုင်) ၀၇၂၇၀၅]၊ (၂) ဦးညွန့်စိန် [၁၂/ဥကတ(နိုင်) ၀၁၉၅၂၃]၊ (၃) ဦးဟန်ရွှေ [၁၂/ဥကတ(နိုင်)၀၄၉၄၁၂]၊ (၄) ဒေါ်သက်သက်မော် [၁၂/ဥကတ(နိုင်) ၀၈၉၁၉၇]တို့မှ ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မိုဇာလှိုင် [၁၂/ဥကတ(နိုင်)၁၆၂၇၈၅]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ် (စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၄၇)**
**Ph-09- 954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO (Switzerland)**
**Ph: 09- 420080932, 09- 977402677**

**ကွန်ဒို/တိုက်ခန်းများရောင်းမည်(စမ်းချောင်းမြို့နယ်)**

၁။ မင်္ဂလာလမ်းအနီး၊ ပေ(၁၅x၆၀)၊ ပထမထပ်၊ ကျွန်းပါကေး၊ အိပ်ခန်း(2)၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ ဘိုထိုင်၊ မျက်နှာကြက်အလှဆင်ပြီး(တိုက်သန့်)။ **(900)သိန်း**
၂။ ဗဟိုလမ်းမအနီး၊ ပေ(၂၅x၅၀)၊ 6.F ၊ ကျွန်းပါကေး၊ MBR(1), BR(1) ၊ ဘိုထိုင်(2) လူနေခွင့်ကျပြီး၊ ဓာတ်လှေကားပါ၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းအသစ်။ **(1430)သိန်း**
(လူနေရန်၊ ငှားစားရန်) နေရာကောင်း။

**ဖုန်း-09-5185350, 09-5661127**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(B-5)၊ အခန်းအမှတ်(812)၊ အခန်းအမျိုးအစား Type(B)၊ အကျယ်အဝန်း (937) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများနှင့် ပရိဘောဂများ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ထားသူ ဦးစကီးဒို[၁၄/ပတန(နိုင်)၁၂၆၁၇၀]ကိုင်ဆောင်သူမှ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထား(မူရင်း)များ ယူဆောင်၍ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၃)**
**အမှတ်-၂၄၈၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

**ကန့်ကွက်နိုင်ပါကြောင်း**

ဦးကျော်စံလင်း[၁၂/သဃက(နိုင်)၁၇၅၇၆၆]ထံမှ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ တိုက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၆၄)၏ ၄လွှာ(တတိယထပ်ခြေရင်း)အခန်း ဝယ်ယူရန်အတွက် ဦးထွန်းအောင်ကျော်[၁၂/ပဘတ(နိုင်)၀၃၁၆၀၁]သည် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြေညာစာပါပြီး (၇)ရက်အတွင်း သက်သေအထောက်အထား ခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းအောင်ကျော်[၁၂/ပဘတ(နိုင်)၀၃၁၆၀၁]**
**ဖုန်း-၀၉-၅၅၀၁၁၉၂၊ ၀၉-၅၅၀၆၃၅၇**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U-9)၊ မြေကွက်အမှတ်(၄၈၄)ဟုခေါ်တွင်သော မြေအကျယ်ပေ($\frac{၉၅}{၉၃}$x$\frac{၆၈}{၆၇}$)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကြူကြူဝင်း[၁၂/မဂတ(နိုင်)၁၂၂၁၆၇] မှ အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်သစ်သစ်သိန်း [၁၄/ရကန(နိုင်)၁၀၉၈၁၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်သစ်သစ်သိန်း**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်(၁၉)၊ ကံ့ကော်(၂)လမ်း၊ မြေကွက်အမှတ်(၁၃၇၉)ဟုခေါ်တွင်သည့် မြေအကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)အနက်မှ (ခြေရင်းခြမ်း)၊ မြေအကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)ရှိ ပါမစ်မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်မို့မို့သိမ့်[၁၂/လမန(နိုင်)၁၃၆၆၂၅]ထံမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ကြည်[၁၂/အစန(နိုင်)၀၇၂၂၈၅]**
**တညင်းကုန်းအစာစက် စက်ရုံ၊ အင်းစိန်။**
**ဖုန်း-၀၉-၄၂၀၁၂၀၆၀၉**


**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၅၇၇/ခ)၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမအရှေ့၊ အမှတ်(၇၃/ခ)ဟုခေါ်တွင်သော (၂၀ပေx၆၀ပေ)ရှိ ဦးစိန်အောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးတင့်လွင်[၁၂/သကတ(နိုင်)၁၀၁၀၁၈]နှင့် ဒေါ်လှလှနွယ်[၁၂/သကတ(နိုင်)၁၀၁၆၃၄]တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်မ ဒေါ်မြတ်သီရိဟန်[၁၂/သကတ(နိုင်)၁၆၆၅၈၈]မှ ရောင်းချမည့် တန်ဖိုးငွေအနက်မှအချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသောစာချုပ်အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြတ်သီရိဟန်[၁၂/သကတ(နိုင်)၁၆၆၅၈၈]**
**အမှတ်(၃၉၈)၊ မာန်ပြေ(၉)လမ်းအနောက်၊ (၃)ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၉၆၅၈၃၀၄၁၀၊ ၀၉-၄၄၃၉၉၃၀၇၇**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မရစိမဟာရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

| [illegible] | [illegible] |
| --- | --- |
| [illegible] | [illegible] |

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

**○ နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်းများစွာရှိနေပါတယ်။**

**○ တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန်ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။**

**○ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက်အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီးပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာသို့ ရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားစဉ် ၎င်းတို့ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာအတွင်းသို့ ရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ချေမှုန်းတိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တောင်ပြင်ငယ်ကျေးရွာ စာသင်ကျောင်းအတွင်းရောက်ရှိနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

## ဘိုင်ယန်မြူးနစ်အသင်း လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၂၁)အဖြစ် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက လိုက်ပ်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လက်ရှိဘွန်ဒက်လီဂါအမှတ်ပေးဇယားမှာ ဒုတိယနေရာက ဒေါ့မွန်အသင်းကို ကိုးမှတ်ဖြတ်ပြီး ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✻

## ပြည်ထောင်စုအလံတော်သယ်ဆောင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြု အခမ်းအနားတွင် အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လက်ဆင့်ကမ်းသယ်ယူခြင်း၊ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် သယ်ဆောင်ခြင်းတို့ကို စနစ်တကျဖြင့် စီစဉ်စုဖွဲ့၍ ကျင်းပမည်ဖြစ်သည်။

ထိုကဲ့သို့ ပြည်ထောင်စုအလံတော်အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှတစ်ဆင့် လေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး နေပြည်တော်မြို့တော်ခန်းမသို့ သယ်ဆောင်ပုံအဆင့်ဆင့်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD, MRTV NRC, MRTV FARMERS', MRTV PARLIAMENT, MWD, MWD VARIETY, မြန်မာ့အသံရေဒီယိုတို့မှ ယင်းနေ့နံနက် ၆ နာရီမှစ၍ တိုက်ရိုက်(LIVE)ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့** ဖတ်စရာ

### နျူကလီးယားဆွေးနွေးပွဲများအတွင်း အပြုသဘောဆောင်သော ဆောင်ရွက်ချက်များ ပြသရန် အီရန်က အမေရိကန်အား တိုက်တွန်း

စာမျက်နှာ » ၁၁

### ကျန်းမာရေးသတိ




စာမျက်နှာ » ၂၃